ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ (13-2-2008) (၅၅၉၂)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ညှိခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)



စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားရှင်သန်သည့်ကာလ

အချုပ်အခြာအာဏာပိုင်စိုးသော နိုင်ငံတော်ကြီးများကို ထူထောင်နိုင်သောကာလများသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားရှင်သန်သည့် ကာလများဖြစ်၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများသည်လည်း အထူးပင် ရှင်သန်ဖွံ့ဖြိုးတိုးတက်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ သို့ရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု လျော့ပါးသည့်ကာလ၊ ပြည်ထောင်စုစိတ်ဓာတ် မှေးမှိန်သည့်ကာလများတွင်မူ နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုပင် ထိပါးစော်ကားခံခဲ့ရသည်များ ရှိခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၆)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ –

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲ နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပသည့် နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်သို့ ညနေ ၆နာရီခွဲတွင် ရောက်ရှိလာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၃-၂-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်လာရေးရှေးရှု တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တက်ညီလက်ညီကြိုးပမ်း

မြန်မာနိုင်ငံသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ပေါင်းစည်းယှက်နွယ် နေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ တိုင်းရင်းသားများသည် နှစ်ပေါင်းထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက် ရင်းနှီးချစ်ကြည်စွာ နေထိုင်ရင်း ကိုယ်ပိုင်ယဉ်ကျေးမှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အချုပ်အခြာအာဏာပိုင်စိုးမှုတို့ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လာခဲ့ကြသည်။

ပြည်ထောင်စု တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်သော နိုင်ငံ၊ လွတ်လပ်သော လူမျိုးဘဝကို ပြန်လည်ရယူ ထိန်းသိမ်းနိုင်ခဲ့သည်။ နိုင်ငံတော်ကို ဆက်လက်ကာကွယ်စောင့်ရှောက်ရင်း တည်ငြိမ်အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သည့် အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် လျှောက်လှမ်းလျက် ရှိနေကြပြီဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာတွင် **တိုင်းရင်းသား ပြည်သူများသည် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ပေါက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တိကျခိုင်မာစွာ ချမှတ်ကာ သန္နိဋ္ဌာန်စိတ်ဖြင့် လျှောက်လှမ်းလျက်ရှိရာ မူဝါဒလမ်းစဉ်(၇)ရပ်အနက် တတိယအဆင့်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲသည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်** ဟူ၍ ဖော်ပြပါရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရက နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုလျက် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေခံကောင်းများကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်သည်။

သမိုင်းအစဉ်အလာ အတွေ့အကြုံများအရ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား စည်းလုံးညီညွတ်မှုခိုင်မြဲရေးသည် အသက်တမျှ အရေးကြီးသည်ဖြစ်ရာ ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက်စေရေး အလေးထားကြရမည်ဖြစ်သည်။

ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုစိတ်ဓာတ်အခြေခံကောင်း၊ အစဉ်အလာကောင်းများနှင့်အညီ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စေရေး ညီညီညွတ်ညွတ် ခိုင်ခိုင်မြဲမြဲ လက်တွဲကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ။

အောင်မင်္ဂလာမြေဇင်းတောရရိပ်သာ ရက် ၆၀ တရားစခန်းသိမ်းအောင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး၏ တပည့်ယောဂီများ စုပေါင်းတည်ထောင်သော ကန္တီဥပနိဿယ မောင်းထောင်မြေဇင်းတောရ တိုက်ခွဲ (အောက်မြန်မာပြည်) အောင်မင်္ဂလာမြေဇင်းတောရရိပ်သာ၌ ပထမအကြိမ် ရက် ၆၀ တရားစခန်းသိမ်းအောင်ပွဲကို (၁၃၆၉ခုနှစ် တပို့တွဲလဆန်း ၁၂ရက်) ဖေဖော်ဝါရီ ၁၈ရက် (တနင်္လာနေ့) နံနက် ၉နာရီ၌ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုသာသနာပြုနိုင်ကြစေရန် ဘွက်ကြီးကျေးရွာ၊ မှော်ဘီမြို့နယ် အောင်မင်္ဂလာမြေဇင်းတောရရိပ်သာ အမှုဆောင်အဖွဲ့မှ ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (က-ပ)

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ရန်ကြီးအောင်ကျောင်း ဓမ္မရတိ သိမ်တော်ကြီးဆောက်လုပ်ရန်အတွက် ကွယ်လွန်သူမိဘနှစ်ပါးနှင့် ညီအစ်ကိုမောင်နှမများအား ရည်စူး၍ အမှတ်(၃၃) ဗဟိုရုံ ဗိုလ်ချုပ်အောင်ဆန်းဈေး Lucky one Brother **ဦးမောင်လှ-ဒေါ်နုနုဆွေ၊ သား မောင်အောင်မျိုးသန့်၊ သမီး မချမ်းငြိမ်းသူတို့က မတည်အလှူငွေ ကျပ် သိန်း ၅၀ကို ဆရာတော် ဦးဓမ္မသာမိထံ ဆက်ကပ်လှူဒါန်းစဉ်။**

(က-ပ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ရန်ကုန်မြို့ရှိ ယူအင်အက်ဖ်ပီအေ ဌာနေကိုယ်စားလှယ် Mr. Daniel B.Baker **တို့ မြန်မာနိုင်ငံသို့ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (ယူအင်အက်ဖ်ပီအေ) ၏ အကူအညီပေးရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်စာတမ်းကို လက်မှတ်ရေးထိုးကြစဉ်။**

(သတင်းစဉ်)

မြန်မာနိုင်ငံသို့ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ အကူအညီပေးရေးဆိုင်ရာစာတမ်း လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

မြန်မာနိုင်ငံသို့ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့(ယူအင်အက်ဖ်ပီအေ)၏ အကူအညီပေးရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်စာတမ်း လက်မှတ်ရေးထိုးပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ယူအင်အက်ဖ်ပီအေကိုယ်စား ရန်ကုန်မြို့ရှိ ယူအင်အက်ဖ်ပီအေ ဌာနေကိုယ်စားလှယ် Mr.Daniel B.Baker **တို့ လက်မှတ်ရေးထိုးကြသည်။**

အဆိုပါ လုပ်ငန်းအစီအစဉ် စာတမ်းအရ မျိုးဆက်ပွားနှင့် ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးတို့အတွက် ဝန်ဆောင်မှု တိုးမြှင့်ရရှိစေရေး၊ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ တိုးမြှင့်ရရှိစေရေး၊ မျိုးဆက်ပွားကျန်းမာရေးနှင့် အိပ်ချ်အိုင်ဗွီရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတင်းအချက်အလက်များ လူငယ်လူရွယ်များ တိုးမြှင့်ရရှိစေရေး၊ အိပ်ချ်အိုင်ဗွီကာကွယ်တားဆီးရေးဆိုင်ရာ ဗဟုသုတနှင့် နည်းလမ်းများကို ဆင်းရဲနွမ်းပါးသူများ တိုးမြှင့်ရရှိစေရေးနှင့် မိခင်မှ ကလေးသို့ အိပ်ချ်အိုင်ဗွီရောဂါကူးစက်မှု ကာကွယ်တားဆီးရေး ဘက်စုံဝန်ဆောင်မှု တိုးမြှင့်ရရှိစေရေးတို့အတွက် လုပ်ငန်းစီမံချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ယူအင်အက်ဖ်ပီအေတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

ဩဝါဒပါတိမောက် အခါတော်နေ့ ထမနဲပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်(၆) အင်းစိန်လမ်းမကြီး အရှေ့ကြို့ကုန်းရပ်ကွက် မဟာစည် ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့မှ (၁၃၆၉ ခုနှစ် တပို့တွဲလပြည့်) ဖေဖော်ဝါရီ ၂၁ရက်တွင် ဩဝါဒပါတိမောက် အခါတော်နေ့ ထမနဲပွဲတော်နှင့် (၂၇) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်ဖြစ်ပါသဖြင့် အဖွဲ့ဝင်များအား မပျက်မကွက်တက်ရောက်ကြပါရန် အသိပေးနှိုးဆော်ထားသည်။ (က-ပ)

အရှင်သီလာနန္ဒ တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဗားဂရာတိုက် ဦးဘိုးမောင်ကျောင်း နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်သီလာနန္ဒ (ဧရာဝတီ) အရှင်သူမြတ်သည် ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ရက်အထိ ကျုံပျော်မြို့နယ် ကျုံတနီး၊ ၂၅ရက်မှ မတ် ၁ ရက်အထိ ငါးသိုင်းချောင်းမြို့နယ် ကျောက်ချောင်းပေါ်တော်မူကျောင်းတို့၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း ခပေါင်းရေအား လျှပ်စစ်စက်ရုံတည်ဆောက်ရေး စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ခပေါင်း ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ရေးစီမံကိန်း ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၂

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ယမန်နေ့နံနက်ပိုင်းတွင် ခပေါင်းရေအား လျှပ်စစ်စက်ရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး စက်ရုံတွင်း Irregation Outlet **ရေထုတ်တံခါးအခန်း၊ အမှတ်(၁) စက်တပ်ဆင်ပြီး စမ်းသပ်လည်ပတ်နေမှု၊ အမှတ်(၂) စက်အပြီးသတ်တပ်ဆင်နေမှု၊** Control Penel **များ တပ်ဆင်ပြီးစီးမှု၊** Control Room **တပ်ဆင်နေမှု၊** Switch Yard **နှင့်** Transformer **များ တပ်ဆင်ပြီးစီးမှု၊ ဆက်လက်အပြီးသတ်လုပ်ဆောင်နေသော လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။**

ထို့နောက် ဝန်ကြီးသည် စက်တပ်ဆင်နေကြသော CHMC ကုမ္ပဏီမှ တရုတ်ပညာရှင်များနှင့် ဝန်ကြီးဌာနမှ အင်ဂျင်နီယာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ခပေါင်းဓာတ်အားပေးစက်ရုံသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၃၀ ရှိပြီး စက်အပြီးသတ် တပ်ဆင်ခြင်းလုပ်ငန်းများ မကြာမီပြီးစီး၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ညွှေ့ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဧည့်ခံဖျော်ဖြေ

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲ မကျင်းပမီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ဧည့်သည်တော်များအား မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့က ပဏာမ ဧည့်ခံတီးလုံးဖြင့်လည်းကောင်း၊ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

သီဆိုတီးမှုတ်ကပြ

ညစာသုံးဆောင်အပြီးတွင် မြို့တော်ခန်းမဝင်းအတွင်းရှိ လဟာပြင်ကဇာတ်ရုံ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများက "ပွဲဦးအလှသုခုမ" အက၊ ကချင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက "မင်္ဂလာရှိသော ပြည်ထောင်စု" သရုပ်ဖော်အက၊ ကယားပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက ကလူဒူအီလေ့(ခ) ဖားစည်" အက၊ ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက "ပင်လုံသက်သေ" ဒုံးယိမ်းအက၊ ချင်းပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များက "လုံယူး" အက၊ မွန်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များက "ပွန်စလိုင်" ယိမ်းအက၊ ရခိုင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက "ရသစုံလီရခိုင်စာပီ" ယိမ်းအက၊ ရှမ်းပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက "ရိုးရာစုံစွာ ကမ္ဘောဇမြေမှာ" သရုပ်ဖော်အက၊ တနင်္သာရီတိုင်း တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များ က "သွေးချင်းတို့ဆောင်နွဲ-မှန်းနဲပွဲ" သရုပ်ဖော်အက၊ ပြည်နယ်နှင့် တိုင်း အသီးသီးတို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "မင်္ဂလာပါ" တေးသရုပ်ဖော်အစီအစဉ်များဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့်ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲ ရေးကော်မရှင်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဒလမြို့နယ် သီရိဇေယျနော်ရထာ ခန်းမတွင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း ဖတ်ကြားစဉ်။ (၅၄၂)

ဖေဖော်ဝါရီ ၁၂ ရက်က ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို တောင်ဥက္ကလာပ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန် ဖတ်ကြားစဉ်။ (၆၃)

ဆူဒန်လေယာဉ်များက ဒါဖာဒေသတွင်း ဗုံးကြဲတိုက်ခိုက် ဒုက္ခသည် ၁၀၀၀၀ကျော် ချဒ်နိုင်ငံအတွင်း ဝင်ရောက်

ဂျီနီဗာ ဖေဖော်ဝါရီ ၁၁

လွန်ခဲ့သော သီတင်းပတ်ကုန်ကာလအတွင်း ဆူဒန်စစ်လေယာဉ်များက ဒါဖာဒေသသို့ ဗုံးကြဲတိုက်ခိုက်ခဲ့ပြီးနောက် ထိုဒေသမှ ဒုက္ခသည် ၁၂၀၀၀ ခန့်တို့သည် နေရပ်ကိုစွန့်ခွာ၍ ချဒ်နိုင်ငံတွင်းသို့ ထွက်ပြေး တိမ်းရှောင်သွားကြောင်း ကုလသမဂ္ဂသတင်းဌာနက ဖော်ပြသည်။

ချဒ်နိုင်ငံတွင်းသို့ထွက်ပြေးဝင်ရောက်လာသော ခရီးသည်ဦးရေသည် ထပ်မံများပြားလာစရာရှိကြောင်း ဒုက္ခသည်ကယ်ဆယ်ရေးအေဂျင်စီများက ဖေဖော်ဝါရီ၁၀ ရက်တွင် ပြောကြားသည်။

ဖြည့်တင်းပေး

အနောက်ဘက် ဒါဖာဒေသရှိ မြို့သုံးမြို့ကို ဖေဖော်ဝါရီ ၈ရက်ကလေကြောင်းမှ တိုက်ခိုက်ပုံအသေးစိတ်ကို ဒုက္ခသည်များက သတင်းသမားများကို ပြောပြကြသည်။ တစ်ချိန်တည်း၌ပင် ဒုက္ခသည်များအတွက် လိုအပ်သော ထောက်ပံ့ရေး ပစ္စည်းများကို ကုလသမဂ္ဂအေဂျင်စီများက ဖြည့်တင်းပေးလျက်ရှိသည်။

ဒါဖာဒေသရှိကျေးရွာများ တိုက်ခံရကြောင်း၊ စစ်သွေးကြွများက ရွာများကိုဝိုင်းကာ မီးရှို့ခြင်း၊ ပစ္စည်းလုခြင်းများ ပြုလုပ်ကြကြောင်း၊ အမျိုးသမီးများနှင့်ကလေးများပါဝင်သောဒုက္ခသည်များ နောက်ထပ် ရောက်လာဦးမည်ဖြစ်ကြောင်း ဦးစွာရောက်လာသော ဒုက္ခသည်များက ပြောကြားသည်။ ချဒ်နှင့် ဆူဒန်နယ်စပ်ဒေသ ဒုက္ခသည်စခန်းများ၌ ဒုက္ခသည်ဦးရေ ၄၀၀၀၀၀ ခန့် ရောက်ရှိနေသည်။

သန်းချီသေဆုံး

လွန်ခဲ့သော ငါးနှစ်မှစ၍ ဒါဖာဒေသ၌ ဖြစ်ပွားသော ဆူပူသောင်းကျန်းမှုများကြောင့် ပြည်သူသိန်းချီ၍ သေဆုံးရပြီး ၂ ဒသမ ၅ သန်းမှာ ဒုက္ခရောက်ကြရသည်။

အင်တာနက်။

ဒါဖာဒေသတွင် တိုက်ပွဲများဖြစ်ပွားမှုကြောင့် ချဒ်နိုင်ငံအတွင်းသို့ ဝင်ရောက်ရန် စောင့်ဆိုင်းနေကြသော ဒုက္ခသည်များကို ဖေဖော်ဝါရီ ၁၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အင်ဒိုနီးရှားတွင် ရထားခေါင်မိုးပေါ်မှ စီးနင်းသူများကို ဆေးရောင်ပါသော အရည်ဖြင့်ပက်၍ ဖမ်းဆီးမည်

ဂျကာတာ ဖေဖော်ဝါရီ ၁၁

အင်ဒိုနီးရှားနိုင်ငံတွင် ရထားခေါင်မိုးပေါ်မှ စီးနင်းလိုက်ပါသူများကို ရောင်စုံအရည်ဖြင့် ပက်ဖျန်းမည်ဖြစ်ကြောင်း၊ လုံခြုံရေးတာဝန်ခံများသည် ရထားခိုးစီးနင်းသူကို ခွဲခွဲခြားခြား သိမြင်ပြီး အရေးယူနိုင်ရန် ယင်းသို့ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံမြို့တော်ဂျကာတာနှင့် အနီးဝန်းကျင်ရှိ မြို့များသို့ ပြေးဆွဲနေသည့် လျှပ်စစ်ရထားများသည် ရုံး၊ ကျောင်းအတက်အဆင်း သွားလာမှုများပြားချိန်တွင် ခရီးသည်များ ပြည့်သိပ်လျက်ရှိသည်။ ထိုအချိန်မျိုးတွင် ရထားတွဲအတွင်း၌ နေရာမရသူများနှင့် လက်မှတ်မဝယ်သူများသည် ရထားခေါင်မိုးပေါ်၌ စီးနင်းလိုက်ပါလေ့ရှိကြသည်။

လွန်ခဲ့သည့်နှစ်များက ရထားခေါင်မိုးပေါ်မှ စီးနင်းသူများကို တားဆီးနိုင်ရန် အမျိုးမျိုး ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း၊ ရထားပေါ်မှ ဆင်းလျှင် ခေါင်မိုးပေါ်မှ စီးနင်းသူ ဟုတ်၊ မဟုတ် ကွဲပြားစွာ ခွဲခြားနိုင်ရန်အတွက် နိုင်ငံပိုင် ပီတီကီရီတာအေပီကုမ္ပဏီသည်လာမည့် ရက်သတ္တပတ်မှစ၍ ရထားခေါင်မိုးပေါ်မှ စီးနင်းသူများကို ရောင်စုံအရည်ဖြင့် ပက်ဖျန်းသွားမည်ဖြစ်သည်ဟု ဂျကာတာပို့စ်သတင်းစာ ဖော်ပြသည်။

ဆေးရည်ဖြင့် ပက်ဖျန်းခံရသူများ၏ နိုင်ငံသားကတ်ကို သိမ်းဆည်းမည်ဖြစ်ကြောင်း၊ ထိုအသိအမှတ်ပြုလက်မှတ်မိတ္တူကို မိသားစုများ၊ ဒေသအကြီးအကဲများ အလုပ်ရှင်များထံ သို့မဟုတ် ကျောင်းသားများဖြစ်ခဲ့လျှင်ကျောင်းအုပ်များထံသို့ ပေးပို့မည် ဖြစ်ကြောင်းပီတီကီရီတာအေပီကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူအက်စ်မက်ဒ်ဆူဂျာဒီ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းကဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တရုတ်၌ ယာဉ်သွားလာမှုအခြေအနေ ပုံမှန်အနေအထားနီးပါး ပြန်လည်ရောက်ရှိ

ပေကျင်း ဖေဖော်ဝါရီ ၁၁

သဘာဝဘေးအန္တရာယ်ဒဏ်ခံခဲ့ရသည့် တရုတ်နိုင်ငံတွင် ယာဉ်သွားလာမှုအခြေအနေသည် ပုံမှန်အနေအထားနီးပါးအထိ ရောက်ရှိလာခဲ့ပြီး အဝေးပြေးလမ်းမအချို့ကိုသာ ရေခဲဖုံးလွှမ်းနေမှုကြောင့် ပိတ်ထားရကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက စနေနေ့တွင် ပြောကြားသည်။

ပေကျင်း-ဇူဟိုင်းအမြန် လမ်းမကြီး၏ ယာဉ်အသွားအလာမှာ ချောမွေ့ကောင်းမွန်လျက်ရှိသည်။

အထင်ကရလမ်းမကြီးပေါ်မှဂွမ်ဒေါင်နှင့် ဟူနန်ပြည်နယ်ထိစပ်ရာနေရာတွင် ယာဉ်အသွားအလာ ထူထပ်နေပြီး တောင်ပိုင်းဒေသသို့ ဦးတည်မောင်းနှင်နေသည့် မော်တော်ယာဉ်စီးရေသည် ၃၈၃၂ စီးရှိသည်။ မြောက်ပိုင်းသို့ ဦးတည် မောင်းနှင်လာသည့် မော်တော်ယာဉ်စီးရေသည် ၂၀ ရာနှုန်းအထိ ကျဆင်းခဲ့သည်ဟု ဖော်ပြပါ ဝန်ကြီးဌာနက ပြောကြားသည်။

ဇီကျန်ပြည်နယ်ရှိ ပြည်နယ်အဝေးပြေး လမ်းမကြီး၏ တစ်နေရာ၊ ပြည်နယ်အဝေးပြေးလမ်းမကြီးရှိအခြား တစ်နေရာနှင့် အခြားပြည်နယ် လမ်းမကြီးရှိ နေရာနှစ်နေရာတို့တွင် ရေခဲဖုံးလွှမ်းနေမှုကြောင့်ယာဉ်အသွားအလာပိတ်ထားရဆဲဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ရထားလမ်းများ ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ တရုတ်နိုင်ငံတောင်ပိုင်း ဟူနန်ပြည်နယ် ချန်ရှာဘူတာတွင် ရထားစီးရန်စောင့်ဆိုင်းနေသော ခရီးသည်များကို ဖေဖော်ဝါရီ ၁၁ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကမ္ဘာတစ်ဝန်း၌ သတင်းထောက်များ သေဆုံးမှု သီရိလင်္ကာ တတိယအများဆုံး

ကိုလံဘို ဖေဖော်ဝါရီ ၁၁

သီရိလင်္ကာနိုင်ငံသည် ၂၀၀၇ခုနှစ်၌ သတင်းထောက်များ သေဆုံးမှု တတိယအများဆုံးနိုင်ငံ ဖြစ်ကြောင်း ကမ္ဘာ့သတင်းစာအဖွဲ့(ဝမ်)၏ ထုတ်ပြန်ချက်ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် ဒေးလီးမီရာက ဖေဖော်ဝါရီ ၉ ရက်တွင်ဖော်ပြသည်။

ဖော်ပြ

၂၀၀၇ခုနှစ်အတွင်းသတင်းထောက်များ သေဆုံးမှုစာရင်းတွင် အီရတ်နိုင်ငံ၌ ၄၄ဦးနှင့် သေဆုံးရာ အများဆုံးနိုင်ငံဖြစ်ပြီး ဆိုမာလီယာတွင် ရှစ်ဦးဖြင့် ဒုတိယ အများဆုံးဖြစ်ကာ သီရိလင်္ကာ၌ ခြောက ဦးဖြင့် တတိယအများဆုံးဖြစ်သည်ဟု ပါရီမြို့အခြေစိုက်ဒေးလီးမီရာ သတင်းစာက ဖော်ပြသည်။

၉၅ဦးသေဆုံး

သတင်းထောက်များနှင့်သတင်းသမားများသည် ၎င်းတို့၏ သက်စွန့်ကြိုးပမ်းစွမ်းဆောင်မှုကြောင့် ၂၀၀၇ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ သတင်းသမား ၉၅ဦး သေဆုံးခဲ့ကြောင်း၊ အဆိုပါ သေဆုံးသူများအနက် သုံးပုံနှစ်ပုံကျော်သည် အီရတ်နှင့် စစ်မက်ဖြစ်ပွားနေသည့်နေရာများတွင် သေဆုံးခဲ့ရကြောင်း ဝမ်အဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ကမ္ဘာတစ်ဝန်းတွင် သတင်းထောက်များ သေဆုံးမှုနှုန်းကို ၁၉၉၈ခုနှစ်မှစ၍ နှစ်စဉ် ကောက်ယူခဲ့ရာ ၂၀၀၇ခုနှစ်သည် ဒုတိယသေဆုံးမှု အများဆုံးနှစ်ဖြစ်သည်။ အဆိုပါ ကောက်ယူရရှိသည့်စာရင်းအရ ၂၀၀၆ ခုနှစ်တွင် သတင်းထောက် ၁၁၀၊ ၂၀၀၅ ခုနှစ်တွင် ၅၈ဦး၊ ၂၀၀၄ခုနှစ် တွင် ၇၂ဦးနှင့် ၂၀၀၃ခုနှစ်တွင် ၅၃ဦးသေဆုံးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်သို့ ရေနံတင်ပို့မှုရပ်ဆိုင်းမည် ဗင်နီဇွဲလားသမ္မတ ခြိမ်းခြောက်ပြောကြား

ကရာကတ်စ် ဖေဖော်ဝါရီ ၁၁

အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံတန်ဖိုးရှိ ဗင်နီဇွဲလားနိုင်ငံ၏ ဥစ္စာပစ္စည်းများကို ထိန်းချုပ်ထားသည့်ကိစ္စအပါအဝင် စီးပွားရေးအရ တိုက်ခိုက်နေမှုကို အမေရိကန်က ရပ်ဆိုင်းခြင်း မပြုပါက အမေရိကန်သို့ ရေနံတင်ပို့ရောင်းချမှုကို ရပ်ဆိုင်းမည်ဟု ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ခြိမ်းခြောက်ပြောကြားသည်။

သတိပေး

အမေရိကန်သို့ ရေနံစိမ်းတင်ပို့နေသည့် ဗင်နီဇွဲလားနိုင်ငံသမ္မတက အမေရိကန်၏ ကျူးကျော်မှုကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းများသည် ရေနံတစ်ပီပါလျှင် အမေရိကန်ဒေါ်လာ ၂၀၀ အထိ မြင့်တက်သွားနိုင်သည်ဟု သတိပေးထားသည်။

မြင့်တက်

ချာဗက်ဇ်က အက်ဇွန်မိုဘိုင်း ကော်ပိုရေးရှင်း စီမံကိန်းကို ပြည်သူပိုင်သိမ်းပိုက်ပြီး လျော်ကြေးပေးကိစ္စနှင့် ပတ်သက်၍ အငြင်းပွားလျက်ရှိရာ ရေနံဈေးနှုန်းများသည် ယခုရက်သတ္တပတ်တွင် မြင့်တက်ခဲ့သည်။

ရပ်ဆိုင်း

အမေရိကန်တို့က မိမိတို့၏ ပစ္စည်းဥစ္စာများကို ထိန်းချုပ်ခဲ့ပြီး မိမိတို့၏ အကျိုးထိခိုက်ခဲ့ပါက မိမိတို့ကလည်း တုံ့ပြန်ရန် ကြိုးပမ်းမည်ဖြစ်ပြီး အမေရိကန်သို့ ရေနံတင်ပို့မှု ရပ်ဆိုင်းမည်ဟု ချာဗက်စ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဗင်နီဇွဲလားနိုင်ငံ မာရာကိုင်ဘိုမြို့ရှိ ရေနံထုတ်လုပ်သည့် အဆောက်အအုံများကို ဖေဖော်ဝါရီ ၁၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကမ္ဘာကျော်ပန်းချီဆရာများ၏ ဒေါ်လာ ၁၆၄ သန်းတန် ပန်းချီကားလေးကား ဇူးရစ်မြို့ ပြတိုက်မှ နေ့ခင်းကြောင်တောင် လုယက်ခံရ

ဇူးရစ် ဖေဖော်ဝါရီ ၁၂

ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့ရှိ အနုပညာပြတိုက်မှ ၁၉ရာစု ပန်းချီအကျော်အမော်များ၏ အမေရိကန်ဒေါ်လာ ၁၆၄ သန်းတန်ဖိုးရှိ ပန်းချီကားကြီးလေးကားကို လက်နက်ကိုင် ပြတိုက်အပိုင်စီးသူများက လုယက်ယူငင်သွားကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောကြားသည်။

အလုခံလိုက်ရသော ပန်းချီအကျော်အမော် ပေါလ်ဆေဇန်း၏ အကျီနီနှင့်လုလင်ငယ် ပန်းချီကား။

ဓားပြများသည် မျက်နှာဖုံးစွပ်ထားကာ အင်္ကျီအနက်များ ဝတ်ဆင်ထားကြပြီး သေနတ်အတိုများကို ကိုင်ဆောင်ထားကြသည်။

၎င်းတို့သည် ဆေဇန်း၊ ဒေဂါး၊ ဗန်ဂိုးနှင့် မိုနေးတို့၏ နာမည်ကျော် ဆီဆေးပန်းချီကားများကို တနင်္ဂနွေနေ့က နေ့ခင်းကြောင်တောင်အချိန်တွင် လုယူသွားခြင်းဖြစ်သည်။ ယခု လုယက်မှုသည် ဇူးရစ်မြို့၌ ရက်ပိုင်းအတွင်းဖြစ်ပွားသည့် ဒုတိယမြောက် အနုပညာပစ္စည်းဓားပြတိုက်မှုပင်ဖြစ်သည်။

ပထမအကြိမ်တွင်လည်း ပန်းချီကားနှစ်ချပ်ကို ယခုပြတိုက်ဝန်းကျင်ရှိ အနုပညာပြခန်း တစ်ခုမှ ခိုးယူသွားသည်။ ထိုအမှုနှစ်မှုသည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှု ရှိ၊ မရှိ မသိရသေးဟု ဆိုသည်။

ရဲတပ်ဖွဲ့ဝင်များက အမှုမှန်ပေါ်ပေါက်ရေးအတွက် စုံစမ်းလျက်ရှိပြီး တရားခံများ ဖမ်းဆီးနိုင်ရေးအတွက် သတင်းပေးနိုင်သူကို ဆွစ်ဖရန့်ငွေ ၁၀၀၀၀၀ ဆုချီးမြှင့်မည်ဖြစ်ကြောင်း ကြေညာထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အလုခံလိုက်ရသော ပန်းချီအကျော်အမော် ကလော့ဒ်မိုနေး၏ ဗီသူးလ်အရပ်မှ ဘိန်းပန်းများအမည်ရှိ ပန်းချီကား။

အလုခံလိုက်ရသော ပန်းချီဆရာကြီး ဒေဂါး၏ လူဒေါ့ဗစ်လီပစ်နှင့် သမီးငယ်အမည်ရှိ ပန်းချီကား။

နိုင်ငံတကာရေးရာ သတင်းများ

ထိုင်းနိုင်ငံ တောင်ပိုင်း၌ သောင်းကျန်းသူများက ဒေသခံသုံးဦးကို သတ်ဖြတ်

ဗန်ကောက် ဖေဖော်ဝါရီ ၁၁

ထိုင်းနိုင်ငံတောင်ဘက်စွန်း ယာလာပြည်နယ်တွင် ယာဉ်ပေါ်မှ သေနတ်ဖြင့် ပစ်ခတ်မှု နှစ်နေရာ၌ဖြစ်ပွားခဲ့ရာ ဒေသခံသုံးဦး စနေနေ့က သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

စနေနေ့ကဖြစ်ပွားသည့် ဖြစ်ရပ်တွင် အမျိုးသမီးတစ်ဦးသည် ရာမန်ခရိုင်ရှိ ကျေးရွာလမ်းတစ်လမ်းပေါ်တွင် မော်တော်ဆိုင်ကယ်နောက်မှ စီးနင်းလိုက်ပါလာစဉ် သေနတ်ဖြင့် အပစ်ခံရပြီး ဆေးရုံတွင် သေဆုံးခဲ့သည်။

နာရီဝက်ခန့်အကြာ ယင်းဒေသ၏ အနီးအနားရှိ ဘန်နန်ဆာတာခရိုင်တွင် မော်တော်ဆိုင်ကယ် စီးနင်းလာသူနှစ်ဦးကို သောင်းကျန်းသူများက ပစ်ခတ်သတ်ဖြတ်ခဲ့သည်။

အသတ်ခံရသူနှစ်ဦးမှာ ကျောင်းစောင့်တစ်ဦးနှင့် ရွာလူကြီးတစ်ဦးတို့ဖြစ်ကြသည်ဟု နေးရှင်းသတင်းစာက ရေးသားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

စစ်အေးတိုက်ပွဲ ပြန်ပေါ်လာနိုင်ဟု ရုရှား သတိပေး

မြူးနစ်(ဂျာမနီ) ဖေဖော်ဝါရီ ၁၂

အနောက်အုပ်စုနိုင်ငံများ အနေဖြင့် ရုရှားနိုင်ငံအပေါ် အာဃာတ အစွဲအလမ်းထားရှိမှုကို စွန့်လွှတ်သင့်ကြောင်း၊ ယင်းကြောင့် စစ်အေးကာလ တိုက်ပွဲတစ်ခု ပြန်လည်ပေါ်ပေါက်နိုင်ဖွယ်ရှိကြောင်း ရုရှားဒုတိယဝန်ကြီးချုပ်ဆာဂျီ အိုင်ဗန်နော့ဗ်က တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

ကမ္ဘာတစ်ဝန်းတွင် အတွေးအခေါ်ပြဿနာအပေါ် မူတည်၍ အချိန်ကြာမြင့်စွာသဘောထား ကွဲလွဲမှုဖြစ်ပေါ်စေခဲ့သည့် ကိုင်တွယ်ဖြေရှင်းမှုများကို ရှင်းလင်းပြတ်သားစွာ စွန့်လွှတ်ရမည့် အချိန်သို့ ရောက်ရှိနေပြီဖြစ်သည်ဟု အိုင်ဗန်နော့ဗ်က ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ကျင်းပသည့် လုံခြုံရေးညီလာခံတွင် ပြောကြားသည်။

ရုရှားနိုင်ငံနှင့်ပတ်သက်၍ စံနှစ်မျိုးဖြင့် အချိန်ကြာမြင့်စွာဆက်ဆံသည့် အချို့သောနိုင်ငံများအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏ ဩဇာနယ်ပယ်ချဲ့ထွင်ရေးအပေါ် ဟန့်တားထိန်းချုပ်ရေးမူဝါဒဆီသို့ ပြန်လည်ရောက်နိုင်သည့် အလားအလာရှိသည်ဟု ၎င်းက အလေးထားပြောကြားသည်။

အချို့သောနိုင်ငံများအနေဖြင့် ယင်းတို့၏ ပထဝီနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာရည်မှန်းချက်များ ပေါက်မြောက်စေရန်အတွက် အကြမ်းဖက်တိုက်ခိုက်မှုဆန့်ကျင်ရေး လုပ်ငန်းများမှ အမြတ်ထုတ်ရန် ကြိုးပမ်းနေကြသည်ဟု ၎င်းက ပြောကြားသည်။

အမေရိကန်နှင့် နေတိုးတို့က ပိုလန်နှင့် ချက်သမ္မတနိုင်ငံအတွင်း ဒုံးခွင်းဒုံးစနစ် ထူထောင်ရန် စီစဉ်နေခြင်းဖြင့် လက်နက်တပ်ဆင်ရေး ခေတ်သစ်ကို ပေါ်ပေါက်စေရန် ဖန်တီးနေသည်ဟု ရုရှားသမ္မတပူတင်က သောကြာနေ့တွင် ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗာဂျီးနီးယား၊ မေရီလင်းနှင့် ကိုလံဘီယာတွင် အိုဘားမား အသာရပြန်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၂

အကြိုအခြေခံ သမ္မတလောင်းရွေးပွဲတွင် ဖြည်းဖြည်းနှင့် မှန်မှန် အနိုင်ရနေသော ဆီနိတ်တာ ဘာရက် အိုဘားမား။

အမေရိကန်နိုင်ငံ အကြိုအခြေခံ သမ္မတလောင်းရွေးပွဲတွင် ဒီမိုကရက်တစ်ပါတီတွင်းမှ ယှဉ်ပြိုင်ဘက်များဖြစ်သော ဘာရက်အိုဘားမားနှင့် ဟီလာရီကလင်တန်တို့သည် ပြည်နယ်အဆင့်မဲဆန္ဒနယ်များ၊ အခြေခံမဲဆန္ဒနယ်မြေများတွင် အရှိန်ကောင်းကောင်းဖြင့် ယှဉ်ပြိုင်နေကြဆဲဖြစ်သည်။

ဖေဖော်ဝါရီ ၁၂ရက်က ပြုလုပ်သော ဗာဂျီးနီးယား၊ မေရီလင်းနှင့် ကိုလံဘီယာဒေသများ၌ပြုလုပ်သည့်ရွေးချယ်ပွဲများ၌ အိုဘားမားသည် ကလင်တန်အပေါ် အသာရလျက်ရှိသည်။

အဆိုပါနေ့က ပြုလုပ်သောရွေးချယ်ပွဲများတွင် ပါတီကိုယ်စားလှယ် ၁၆၈ဦးတို့က မဲပေးကြသည်။ အဓိကယှဉ်ပြိုင်ဘက်နှစ်ဦး၏ ကိုယ်စားလှယ်မဲ ရရှိထားမှုသည် အနည်းငယ်မျှသာ ကွာခြားမှုရှိသည်။ သို့ဖြစ်၍ ယှဉ်ပြိုင်ဘက်များအတွက် ပါတီတွင်း ကိုယ်စားလှယ်မဲတစ်မဲချင်းသည် အရေးပါလျက်ရှိသည်။ ပြီးခဲ့သော သီတင်းပတ်ကပြုလုပ်သည့် ရွေးချယ်ပွဲ လေးပွဲစလုံးတွင် အိုဘားမားသည် အနိုင်ရရှိခဲ့သည်။ ထိုစဉ်က မိန်း၊ လူဝီစီယားနား၊ နီဘရာစကာနှင့် ဝါရှင်တန်တို့တွင် အနိုင်ရလိုက်ခြင်းဖြစ်သည်။

ယနေ့အခြေအနေအရဆိုပါက အီလီနွိုက်ပြည်နယ် ဆီနိတ်တာ အိုဘားမားသည် ပါတီကိုယ်စားလှယ်မဲ ၉၄၃ မဲကိုရရှိထားပြီး ကလင်တန်ကမူ ပါတီကိုယ်စားလှယ်မဲ ၈၉၅ မဲရရှိထားသည်။ ဒီမိုကရက်တစ်ပါတီတွင် သမ္မတလောင်း အမည်ရွေးချယ်ခံရရန်အတွက် ကိုယ်စားလှယ်မဲ ၂၀၂၅ မဲလိုအပ်သည်။

အင်တာနက်။

တာလီဘန် တိုက်ခိုက်ရေးခေါင်းဆောင်အား ပါကစ္စတန်စစ်ဘက်က ဖမ်းဆီးရမိ

အစ္စလာမာဘတ် ဖေဖော်ဝါရီ ၁၂

အာဖဂန်နစ္စတန်နယ်စပ်အနီး ပါကစ္စတန်ပိုင်နက်အတွင်း၌ ပြုလုပ်သော ထိပ်တန်းလျှို့ဝှက်စစ်ဆင်ရေးတစ်ရပ်တွင် တာလီဘန်ခေါင်းဆောင် မူလာမန်ဆာဒါဒူလ်လာကို ဖမ်းဆီးမိခဲ့ကြောင်း ဒေသဆိုင်ရာရုပ်မြင်သံကြား၌ ဖေဖော်ဝါရီ ၁၁ ရက်က ထုတ်လွှင့်သွားသည်။

ဖော်ပြပါရှိသော သတင်းမှာ မှန်၊ မမှန်ဆိုသည်ကို အစိုးရအရာရှိများက အတည်မပြုရသေးပေ။ ပြီးခဲ့သော ၂၀၀၇ ခုနှစ် မေလတွင် အာဖဂန်နစ္စတန်၌ အမေရိကန်နှင့် တိုက်ခိုက်မှုဖြစ်ပွားစဉ်တွင် မူလာမန်ဆာဒါဒူလ်လာ၏ အစ်ကို မူလာဒါဒူလ်လာ သေဆုံးပြီးနောက် ၎င်းသည် ဒေသတွင်း တာလီဘန်တိုက်ခိုက်ရေးခေါင်းဆောင်ဖြစ်လာသည်။

ပါကစ္စတန်အနောက်တောင်ဘက် ဘလူချီစတန်ပြည်နယ် တောင်ဘက်ပိုင်း ဇော့ခရိုင်အတွင်းရှိ ဂျာဝယ်ဒေသတွင် အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့များသည် ဒါဒူလ်လာနှင့် ဒဏ်ရာရရှိနေသော တာလီဘန်ခေါင်းဆောင်သုံးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ရုပ်မြင်သံကြား၌ ဖော်ပြသည်။

ဖမ်းဆီးမိသော တာလီဘန်ခေါင်းဆောင်များကို မေးမြန်းစစ်ကြောရန်အတွက် အစ္စလာမာဘတ်သို့ ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်သွားသည်။ ဖမ်းဆီးမိထားသော တာလီဘန်ခေါင်းဆောင်သုံးဦးမှာ ခါလဒ်ဒက်၊ ကူဒါဒက်နှင့် ရီဇာမိုဟာမက်တို့ဖြစ်သည်။ ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့များသည် ဖေဖော်ဝါရီ ၁၁ ရက် နံနက်အစောပိုင်းတွင် တာလီဘန်တို့အား ဖမ်းဆီးရန်အတွက် စစ်ဆင်ရေးကို အထူးလျှို့ဝှက်စွာ ဆောင်ရွက်ခဲ့သည်။ ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့များသည် တာလီဘန်စခန်းကို ဝင်ရောက်စီးနင်းရာ တာလီဘန်ခေါင်းဆောင်များက စတင်တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။ တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ပါကစ္စတန်အာဏာပိုင်များသည် လက်နက်များရှာဖွေသိမ်းဆည်းရမိခဲ့သည်။ ထိုလက်နက်များတွင် ဒုံးကျည်များ၊ လက်ပစ်ဗုံးများနှင့် စက်သေနတ်များပါဝင်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်တပ်ဖွဲ့များက ဖမ်းဆီးရမိလိုက်သော တာလီဘန်ဒေသတွင်း တိုက်ခိုက်ရေးခေါင်းဆောင် မူလာမန်ဆာဒါဒူလ်လာအား ဖေဖော်ဝါရီ ၁၁ ရက် ထုတ်လွှင့်သည့် ရုပ်သံသတင်း၌ တွေ့ရစဉ်။

ဂါဇာကမ်းမြောင်တွင် အစ္စရေးက စစ်ရေးအရ အရှိန်မြှင့်တိုက်ခိုက်မည်

ဂျေရုဆလင် ဖေဖော်ဝါရီ ၁၂

ဂါဇာကမ်းမြောင်အခြေစိုက် ပါလက်စတိုင်း စစ်သွေးကြွများက အစ္စရေးပြည်သူလူထုအား ရော့ကက်ဒုံးကျည်များ၊ စိန်ပြောင်းများဖြင့် ဆက်လက်တိုက်ခိုက်နေသည့် ကာလပတ်လုံး ဂါဇာကမ်းမြောင် အပါအဝင် ပါလက်စတိုင်းနိုင်ငံပေါ်ထွန်းရေး မျှော်လင့်ချက်မရှိနိုင်ဟု အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဇီပီလစ်ဗ်နီက တနင်္ဂနွေနေ့တွင် ပြောကြားကြောင်း အစ္စရေး ဟာရက်ဇ် သတင်းစာက ရေးသားသည်။

ဟားမတ်စ်အုပ်စုများနှင့် အတူ ပါလက်စတိုင်းပြည်သူလူထုအတွက် မျှော်လင့်ချက်မရှိကြောင်း၊ မည်သည့်ငြိမ်းချမ်းရေးမဆိုနှင့် ဂါဇာကမ်းမြောင် အပါအဝင်ပါလက်စတိုင်းနိုင်ငံပေါ်ထွန်းရေးကိစ္စသည် အခြေခံအချက်အလက် လက်တွေ့ပြောင်းလဲမှုမရှိဘဲ မျှော်လင့်ဖွယ်ရာမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အစ္စရေးညီအစ်ကိုနှစ်ဦး ကက်စ်ဒါရော့မြို့တွင် ရော့ကက်ဒုံးကျည်ဖြင့် အပစ်ခံရပြီး ဒဏ်ရာရရှိခဲ့ပြီး နောက်တစ်ရက်တွင် လစ်ဗ်နီက ဝေဖန်ပြောကြားခြင်းဖြစ်သည်။

ယင်းတိုက်ခိုက်မှုများ ရပ်ဆိုင်းစေရေးအတွက် အစ္စရေးက စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ရန်လိုအပ်နေသည်ကို နိုင်ငံတကာ အသိုင်းအဝန်းက သိရှိနားလည်ထားရန် လိုအပ်ကြောင်းနှင့် ဂါဇာကမ်းမြောင်တွင် အစ္စရေးက စစ်ရေးအရ အရှိန်မြှင့်တိုက်ခိုက်မည်ဖြစ်ကြောင်း လစ်ဗ်နီက အရိပ်အမြွက်ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

✧ ကျောဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော် မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ ဗဟိုရုံးအကြီးအကဲများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဝန်ကြီးဌာနအသီးသီးတို့မှ ရုံးအဖွဲ့မှူးများ၊ နေပြည်တော် ပျဉ်းမနားခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် ပျဉ်းမနားခရိုင်ရှိ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ပညာရေးမှူးများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ တပ်နယ်မိသားစုများ၊ နေပြည်တော် ပျဉ်းမနားခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ်များ၊ နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်များမှ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၄၀၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်ကြမည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများသည် နံနက် ၅နာရီမှစတင်၍ စုရပ်အသီးသီးတို့မှ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ သတ်မှတ်နေရာများသို့ စနစ်တကျဝင်ရောက်နေရာယူကြသည်။

ထို့နောက် နံနက် ၅နာရီခွဲတွင် ၂၀၀၈ခုနှစ်(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကိုကျင်းပရာ အလံတင်တပ်စုက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား လွှင့်တင်သည်။

ဆက်လက်၍ နံနက် ၇နာရီခွဲတွင် ၂၀၀၈ခုနှစ်(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကိုကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊လေ)ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ယင်းနောက် ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ခုနှစ်(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သောသဝဏ်လွှာကို ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ အစိုးရရုံးအဆောက်အအုံများ၊ မြို့တော်ခန်းမ၊လမ်းဆုံအဝိုင်းများ၊ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများတွင် ရောင်စုံမီးများကို လှပစွာ ထွန်းညှိထားကြသည်။ (သတင်းစဉ်)

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ အစိုးရရုံးအဆောက်အအုံများနှင့် မြို့တော်ခန်းမတို့တွင် ရောင်စုံမီးများ ထွန်းညှိထားကြစဉ်။ (သတင်းစဉ်)

ဂျာမနီ ဘာလင်ရုပ်ရှင်ပွဲတော် တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဂျာမနီနိုင်ငံ (၅၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်သို့ တက်ရောက်ရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် ပြန်ကြားရေးဝန်ကြီးဌာန ရုပ်ရှင်ဆင်ဆာအဖွဲ့ အဖွဲ့ဝင် ဦးမြင့်သိန်းဖေသည် ဖေဖော်ဝါရီ ၆ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ဂျာမနီနိုင်ငံ ဘာလင်မြို့သို့ ထွက်ခွာသွားသည်။

(၅၈) ကြိမ်မြောက် ဘာလင်အပြည်ပြည်ဆိုင်ရာရုပ်ရှင်ပွဲတော်ကို ဖေဖော်ဝါရီ ၇ရက်မှ ၁၆ရက်အထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များနှင့် စာနယ်ဇင်းမှပုဂ္ဂိုလ်များအပြင် ရုပ်ရှင်ဝါသနာရှင်များလည်း တက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် ရုပ်ရှင်ပွဲတော်ဖွင့်ပွဲနှင့် ရုပ်ရှင်နှင့်သက်ဆိုင်သည့် ဟောပြောပွဲများသို့ တက်ရောက်ခြင်း၊ ရုပ်ရှင်စတူဒီယိုများ၊ ရုပ်ရှင်ပြတိုက်များသို့ သွားရောက်လေ့လာခြင်းများအပြင် Academy for Film and Television နှင့် Academy for Film and Television Konrad Wolf တို့သို့ သွားရောက်လေ့လာခြင်းများ ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ဂျာမနီနိုင်ငံ (၅၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်သို့ တက်ရောက်ရန် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် ပြန်ကြားရေးဝန်ကြီးဌာန ရုပ်ရှင်ဆင်ဆာအဖွဲ့ အဖွဲ့ဝင် ဦးမြင့်သိန်းဖေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ကျောက်ဆည်အသင်း(ရန်ကုန်) ၂၀၀၇ခုနှစ် နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ကျောက်ဆည်အသင်း (ရန်ကုန်)၏ ၂၀၀၇ခုနှစ် နှစ်ပတ်လည်မျက်နှာစုံညီ အစည်းအဝေးကို ဖေဖော်ဝါရီ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည် ရပ်ကွက် အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်ရှိ ကျောက်ဆည်အသင်း(ရန်ကုန်) ဓမ္မာရုံ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

ယင်းအစည်းအဝေးတွင် ၂၀၀၈ ခုနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ကချီးမြှင့်သည့် ဘွဲ့တံဆိပ် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုခြင်း၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်း၊ ၂၀၀၈-၂၀၀၉ ခုနှစ် အလုပ်အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ခြင်းတို့ကို တပေါင်းတည်း ကျင်းပမည်ဖြစ်သည်။ သို့ဖြစ်ရာ ကျောက်ဆည်အသင်း(ရန်ကုန်)အသင်းသူ၊ အသင်းသားများထံသို့လည်း ဖိတ်စာနှင့် အမှုဆောင်အစီရင်ခံစာတို့ကို ပေးပို့ထားပြီးဖြစ်ကြောင်းနှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေး တက်ရောက်ကြပါရန်နှင့် အသင်းမဝင်ရသေးသူများလည်း တက်ရောက်ပါရန် ကျောက်ဆည်အသင်း(ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM	
၇:၀၀-၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"အဘိဓမ္မာနှင့်ဝိပဿနာ"တရားတော်(အာနာပါနရှုမှတ်နည်း ၄နည်း)(မဟာသဒ္ဓမ္မဇောတိကဓဇမြကျောက်ဆရာတော် ဘဒ္ဒန္တ ခေမာစာရ)
၈:၀၀-၂:၀၀	Industrial Talk [ဦးစိန်နီ၊ဦးတင်အောင်ရွှေ(သုတေသီ)]
၈:၃၅-၂:၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၀၀-၃:၀၀	အနာဂတ်ရင်သွေးငယ်များ၏အရည်အသွေး
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	တေးဂီတအစီအစဉ်
၉:၃၀-၃:၃၀	ရင်ခုန်ကြည်နူး အမှတ်တရလက်ဆောင်ထူး
၉:၄၅-၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅-၃:၅၅	"ဝိုင်းဝန်းပက်ဖျန်းမေတ္တာပန်း" ထောက်ကြန့်ကလေးပြုစုရေးဌာန
၁၀:၁၀-၄:၁၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀-၄:၂၀	Midweek Sports News
၁၀:၃၅-၄:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၀-၄:၄၀	သိစေချင်သည် ICT (မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနှင့်တွေ့ဆုံခြင်း)
၁၁:၁၀-၅:၁၀	တေးဂီတအစီအစဉ်
၁၁:၂၀-၅:၂၀	နုနယ်နက်ရှိုင်းသောအတွေးတို့မှသည် အဖြူရောင်များပေါ်သို့
၁၁:၄၅-၅:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀-၅:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၅-၅:၅၅	Yangon Panorama (အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲရန်ပုံငွေပွဲ)
၁၂:၁၀-၆:၁၀	တေးဂီတအစီအစဉ်
၁၂:၁၅-၆:၁၅	တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ "ဝက်မွေးမြူရေး"
၁၂:၃၀-၆:၃၀	တေးဂီတအစီအစဉ်
၂:၃၅-၆:၃၅	International Video Topics (ကမ္ဘာဦးသတ္တဝါကြီးအားခွဲစိတ်ခြင်း)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အလုံမြို့နယ် အလက(၃) ကြက်တောင်ရိုက်သင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၂

အလုံမြို့နယ် အားကစားနှင့်ကာယပညာကော်မတီနှင့်အလုံမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်ကျောင်းတွင်းကြက်တောင်ရိုက်သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၃၁ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးရီနှင့် အလုံမြို့နယ်အားကစားမှူး ဒေါ်နန်းအေးမိစံတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး အလုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်ခင်စိုးအောင်က တစ်ဦးချင်းကြက်တောင်ရိုက်ပြိုင်ပွဲတွင်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကာ သင်တန်းနည်းပြ ဦးခင်မောင်ဝင်းက သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်းပေးအပ်သည်။ (ကြေးမုံ)

ဂုဏ်ပြုဆုချီးမြှင့်

ပန်းဘဲတန်းမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ ဘက်စုံထူးချွန် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို အထက(၁) ဇေကရီခန်းမ၌ကျင်းပရာ မြို့နယ်အဆင့် ကျောင်းကျန်းမာရေး စံပြထူးချွန်ဆုရရှိသည့် အမက(၂) ပန်းဘဲတန်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စန်းနွဲ့အား မြို့နယ်ပညာရေးမှူး ဦးတင်စော ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ဖေဖော်ဝါရီ ၃ရက်က သောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏နှစ် (၇၀)ပြည့် နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ဇရာဝတီတိုင်း ဓမ္မာရုံကြီး၌ကျင်းပရာ သောင်တုန်းဇာတိဖွား ဇာတ်မင်းသားကြီး ဦးစိန်ကတုံး တည်ထားခဲ့သော နိုင်ငံအေးဘုရားကြီးတွင် ထားရှိရန် ပန်းချီဆရာဝင်းမြင့်မိုးက ၎င်းရေးဆွဲသည့် ဘုရားဒါယကာ ဇာတ်မင်းသားကြီး ဦးစိန်ကတုံး၏ ပုံတူ သုံးပေ x လေးပေ အရွယ် ဆီဆေးပန်းချီ ကားကြီးကို ဘုရားဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (၅၄၆)



၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ရန်ကုန်မြို့၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်း ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ စုစုပေါင်းအင်အား ၃၅၀၀ကျော်တို့သည် နံနက် ၆နာရီမှစတင်၍ ပြည်သူ့ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်းတပ်ဖွဲ့အသီးသီးတို့မှ အရာရှိ၊စစ်သည်များ၊တိုင်း၊ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်များနှင့်ဌာနမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)မှ တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သောသဝဏ်လွှာကို ရန်ကုန်တိုင်း ၂၀၀၈ခုနှစ် (၆၁)နှစ် မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း ဖတ်ကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် နံနက်၇နာရီတွင် ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့က ပြည်သူ့လွှတ်တော်ဝင်းအတွင်းမှ ပြည်သူ့ရင်ပြင်သို့ချီတက်၍ သတ်မှတ်နေရာ၌ နေရာယူကြသည်။

ထို့နောက် ရန်ကုန်တိုင်း ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း ရောက်ရှိလာကာ ပြည်သူ့ရင်ပြင်ရှိ စင်မြင့်ပေါ်၌နေရာယူသည်။

ဆက်လက်၍ တိုင်းမှူးက ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

သဝဏ်လွှာဖတ်ကြား

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ခုနှစ် (၆၁)နှစ် မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကိုရန်ကုန်တိုင်း ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး ဦးစီး ကော်မတီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်လှဌွေးဝင်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတု အထိမ်းအမှတ် စာအုပ်ဈေးရောင်းပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွား ရိပ်သာ စိန်ရတုအထိမ်းအမှတ် "စာအုပ် ဈေးရောင်းပွဲ"ကို စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပရာ စာအုပ်ဝယ်ယူ အားပေးကြသူများနှင့် စည်ကားလျက် ရှိသည်။ **(ယာပုံ)**

စာအုပ်ဈေးရောင်းပွဲတွင် FIVE BROTHERS ၊ အမြင်သစ်စာပေ၊ အေဝမ်းစာပေ၊ လွင်ဦးစာပေ၊ ဖိုးသင်း နိုင်စာပေ၊ ဒိုင်းခင်ခင်စာပေ၊ ခရေဖူး စာပေ၊ ဇော်စာပေ၊ သန်းလွင်စာပေ၊ သန်းထွန်းစာပေ၊ ကံ့ကော်ဝတ်ရည်၊ ပုဂံစာအုပ်တိုက်တို့အပါအဝင် ၅၃ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

စာအုပ်ဈေးရောင်းပွဲသို့ ရဟန်း သံဃာများ၊ စာပေဝါသနာရှင်များ၊ ရုံးဝန်ထမ်းများ၊ ကျောင်းသူ ကျောင်းသားများ လာရောက်ကြည့်ရှု လေ့လာဝယ်ယူကြသည်။ ဘိုးဘွား ရိပ်သာမှလည်း သက်သာချောင်ချိရေး အရောင်းဆိုင်များဖွင့်လှစ်၍ ထမင်း၊ ဟင်း၊ စားသောက်ဖွယ်မျိုးစုံတို့ကို ဈေးနှုန်းသက်သာစွာ ရောင်းချပေး သဖြင့် ဈေးရောင်းပွဲသို့ လာရောက်သူ များ၊ ဆိုင်ရှင်များ အဆင်ပြေ လွယ်ကူစွာ ဝယ်ယူစားသောက်နိုင် ကြသည်။

စာအုပ်ဈေးပွဲတော်အောင်ပွဲနေ့ဖြစ် သော ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့စာအုပ်လှူဒါန်းပွဲကျင်းပမည် ဖြစ်ရာ လှူဒါန်းလိုသော စေတနာရှင် များသည် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးဌာန ဖုန်း–၅၄၁၇၉၆ သို့ ဆက်သွယ်၍ လာရောက်လှူဒါန်းနိုင် ကြောင်းသတင်းရရှိသည်။ (ကြေးမုံ)

မဟာသိမ်တော်ကြီးစာသင်တိုက် ဆွမ်းဆန်စိမ်းအလှူခံမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော် ကြီး ပရိယတ္တိစာသင်တိုက်တွင် သီတင်း သုံးနေထိုင်ကြသည့် စာချစာသင်သံဃာ တော်အရှင်သူမြတ်တို့ ဆွမ်းကွမ်း ပြည့်စုံမှုရှိစေရန်အတွက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ အရှင်သူမြတ်ဦးဆောင်၍ ဖေဖော်ဝါရီ ၁၄ ရက် (ကြာသပတေး နေ့)နှင့် ၁၅ ရက်(သောကြာနေ့)တို့တွင် ပန်းဘဲတန်းမြို့နယ်အတွင်းရှိ လမ်းများ သို့လည်းကောင်း၊ ဖေဖော်ဝါရီ၁၈ ရက် (တနင်္လာနေ့)နှင့် ၁၉ရက်(အင်္ဂါနေ့) တွင် လသာမြို့နယ်အတွင်းရှိ လမ်းများ သို့လည်းကောင်း၊ ဖေဖော်ဝါရီ၂၂ ရက် (သောကြာနေ့)နှင့် ၂၃ ရက်(စနေနေ့) များတွင် ကျောက်တံတားမြို့နယ် အတွင်းရှိ လမ်းများအတွင်းသို့ လည်းကောင်း နံနက် ၈ နာရီခွဲတိုင်းတွင် ဆွမ်း၊ ကွမ်း လှူဖွယ်ဝတ္ထု အစုစုတို့ အား အလှူခံကြွရောက်မည် ဖြစ်ကြောင်း နှိုးဆော်ထားသည်ဟု သိရသည်။ (၂၃)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃–၂–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၅** ၃။ အမျိုးသားရေးတေးကဗျာ
- **၄:၃၀** ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၅၀** ၅။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- **၅:၂၀** ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၃၀** ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ အမျိုးသားရေးတေးကဗျာ
- **၆:၂၅** ၁၃။ **ကာတွန်းအစီအစဉ် ငါးကလေးရဲ့စွန့်စားခန်း (အပိုင်း–၂၁)**
- **၆:၄၅** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပုံရိပ်ပမာ (အပိုင်း–၇၁)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ လူရွှင်တော်ရွှေဖလား
- ၂၀။ ICT သုတ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း စည်းခြားထားသောအချစ် (အပိုင်း–၅)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ကြေးမုံ The Mirror — အသက်ကြီးသော်လဲ စွမ်းဆောင်နိုင်ဆဲ

အသက်အကြီးဆုံး အမျိုးသားအာကာသယာဉ်မှူး

အသက်အကြီးဆုံး အမျိုးသားအာကာသယာဉ်မှူးမှာ ၁၉၉၈ခုနှစ် အောက်တိုဘာ ၂၉ရက်က လွှတ်တင်ခဲ့သည့် ဒစ္စကာဗာရီ STS-95 အာကာသယာဉ်ဖြင့် လိုက်ပါသွား ခဲ့သူ ဂျွန်ဂလင်းန်ဂျူနီယာ (အမေရိကန်) ဖြစ်သည်။ အာကာသသို့လိုက်ပါစဉ်က သူ၏အသက်မှာ ၇၇နှစ်နှင့် ၁၀၃ရက် ရှိပြီဖြစ်ကြောင်းသိရသည်။

အသက်အကြီးဆုံး အမျိုးသမီးအာကာသယာဉ်မှူး

အသက်အကြီးဆုံး အမျိုးသမီးအာကာသယာဉ်မှူးမှာ အမေရိကန်နိုင်ငံသူ ရှန်နွန်လူစစ် **(အပေါ်ပုံ)** ဆိုသူဖြစ်သည်။ သူမသည် အသက်(၅၃)နှစ်နှင့် ၆၇ရက်အရွယ်တွင် အတ္တလန္တစ် အာကာသယာဉ် STS-76 ဖြင့် အာကာသသို့ ၁၉၉၆ခုနှစ် မတ် ၂၂ရက်တွင် လိုက်ပါသွားခဲ့သည်။

အသက်အကြီးဆုံး ဘောလုံးသမား

ကလပ်အသင်းတစ်သင်းတွင် တရားဝင်မှတ်ပုံတင်ပြီး ပါဝင်ကစားနေသူ အသက်အကြီးဆုံးဘောလုံးသမားကြီးမှာ ဘရာဇီးနိုင်ငံမှ တာစီယိုမာရီယာနိုရီစင်ဒီဆိုသူဖြစ်သည်။ သူ၏မွေးသက္ကရာဇ်မှာ ၁၉၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ရက်ဖြစ်ရာ ယခုသူ၏အသက်သည် (၈၇)နှစ် ဖြစ်သည်။ **(အပေါ်ပုံ)** အဆိုပါဘောလုံးသမားကြီးသည် ကာတာလာအိုလီဗင်ဒိုဒါ ဖွန်ဆီကာလိဂ်ပြိုင်ပွဲတွင် Goiandira Esporte ကလပ် အသင်း၏ ညာတောင်ပံမှ ပါဝင်ကစားလျက်ရှိရာ ကမ္ဘာ့ အသက်အကြီးဆုံး ဘောလုံးသမားအဖြစ် ကမ္ဘာ့မှတ်တမ်း စာအုပ်၌ ဖော်ပြခြင်းခံရသည်။

ဝန်ထမ်းဘဝ အဝေးဆုံးလမ်းလျှောက်ခဲ့သူ

အမေရိကန်နိုင်ငံသား စတန်လေအီးရီချ်လစ်ကီ ဆိုသူ သည် ပိုက်လိုင်းစစ်ဆေးသူအဖြစ် တာဝန်ထမ်းဆောင် ခဲ့သည်။ ဝန်ထမ်းသက် ၃၇နှစ်တာကာလအတွင်း လမ်းလျှောက်ခဲ့ရသော အကွာအဝေးစုစုပေါင်း အရှည်မှာ ၂၂၀၂၈၈ ကီလိုမီတာ(၁၃၆၈၈၇ မိုင်)ရှိကြောင်း၊ တစ်ခါ တစ်ရံ တစ်နေ့တည်း ပင်ဆီဗေးနီးယားနှင့် နယူးယောက် အကြား မိုင် ၂၀အထိ လမ်းလျှောက်ကာ စစ်ဆေးခဲ့ကြောင်း သိရသည်။

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

မြန်မာပြည်ထောင်စုကြီး၏သမိုင်းကို ပြည်ထောင်စုသားမြန်မာများ ရေးသားကြမည်



အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

"ပြည်ထောင်စုမြန်မာနိုင်ငံ" ဟူသည် မြန်မာတို့ စုစည်းနေထိုင်ကာ မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ အတူတကွ–ဥမကွဲ သိုက်မပျက် ဝံသာနုရက္ခိတတရား(ပြည်ထောင်စုစိတ်ဓာတ်)ကိုယ်စီဖြင့် သမိုင်းတစ်လျှောက် လျှောက်လှမ်းခဲ့ကြသော ဆွေမျိုးမိသားစုများ၏ နိုင်ငံဖြစ်သည်။

ကမ္ဘာ့နိုင်ငံများတွင် ဘုရင်အုပ်စိုးသော(ပဒေသရာဇ်)နိုင်ငံ၊ အချို့က တစ်ပြည်ထောင်စနစ်၊ အချို့က ပြည်ထောင်စု၊ အချို့က ဘုရင်အုပ်စိုးမှုနှင့် ပါလီမန်ဒီမိုကရေစီ ပူးတွဲထားသော စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးသောနိုင်ငံ၊ အချို့က အာဏာရှင်စနစ်ကျင့်သုံးသောနိုင်ငံ၊ အချို့နိုင်ငံများမှာ နယ်ချဲ့ကိုလိုနီ(ဝါ)တိုင်းခြားသားတို့ လွှမ်းမိုးခြယ်လှယ်ခံထားရသော ဩဇာခံနိုင်ငံစသည်ဖြင့် အမျိုးမျိုးရှိကြသည်။

အချို့နိုင်ငံများတွင် လူမျိုးစုအများအပြား ရှိနေသော်လည်း တစ်ပြည်ထောင်စနစ်ဖြင့်သာ ရှိနေကြသည်။ (ဥပမာတရုတ်ပြည်သူ့သမ္မတနိုင်ငံ)။ ကမ္ဘာတွင် ပြည်ထောင်စု ဖွဲ့စည်းတည်ထောင်သော နိုင်ငံပေါင်းနှစ်ဆယ်ကျော်ရှိသည်။ ပြည်ထောင်စုတွင်လည်း တိုင်းရင်းသား လူမျိုးများ၏ ပြည်နယ်များ၊ သီးခြားသတ်မှတ်ထားသော ပြည်နယ်များ၏ အစုအပေါင်း ပြည်ထောင်စု၊ တိုင်းရင်းသားလူမျိုးအလိုက် ပြည်နယ်များ၊ ပြည်နယ်မခွဲဘဲ အုပ်ချုပ်ရေးအရသာ နယ်ပယ်ဒေသအလျောက် သတ်မှတ်ပိုင်းခြားထားသော ပြည်ထောင်စု

မြန်မာပြည်ထောင်စုကား အဓိက တိုင်းရင်းသားလူမျိုးများ၏ ပြည်နယ်များ၊ တိုင်းရင်းသားစုံတို့ ယှဉ်တွဲနေထိုင်ကြသည့် တိုင်း(ဒေသကြီး)တို့ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုဖြစ်သည်။ တိုင်းရင်းသားအားလုံး၏ မိသားစုနိုင်ငံ(ဝါ)ပီပြင်သော ပြည်ထောင်စု စစ်စစ်ပင်ဖြစ်သည်။ အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သော အခြေခံမူများတွင် တိုင်းရင်းသားလူမျိုးတိုင်း၏ အချုပ်အခြာအာဏာ ကျင့်သုံးခွင့်၊ အခြေခံရပိုင်ခွင့်များကို အလေးအနက်ထား ဖော်ပြထားပေသည်။

ဟူ၍ ရှိသည်။ (ဥပမာ အမေရိကန်ပြည်ထောင်စု)။ ပြည်ထောင်စု ဖွဲ့စည်းသော နိုင်ငံများရှေ့တွင် Union, United စသည့် ရှေ့ဆက်စာလုံးများ ပါလေ့ရှိသည်။ **'ပြည်ထောင်စု'** ဟူသော အဓိပ္ပာယ်ပင် ဖြစ်သည်။

သီးခြား အချုပ်အခြာအာဏာပိုင်နိုင်ငံများ စုပေါင်းထားသော ပြည်ထောင်စုမျိုးလည်းရှိသည်။ Confederation ဟု ဆိုကြသည်။ ၁၇၇၆ခုနှစ်က စတင်တည်ထောင်သော အမေရိကန်ပြည်ထောင်စုသည် အချုပ်အခြာအာဏာ သီးခြားပိုင် ၁၃နယ် စုပေါင်းထားသော Confederation ဖြစ်သည်။ နောင်တွင် နိုင်ငံလုံခြုံရေး၊ တည်ငြိမ်ရေး၊ ကာကွယ်ရေးအတွက် စုစည်းသော အင်အားမျိုးမရနိုင်သဖြင့် ယနေ့ အမေရိကန်ပြည်ထောင်စု၏ပုံစံကို ပြောင်းလဲဖွဲ့စည်းခဲ့သည်။

မြန်မာပြည်ထောင်စုကား အဓိက တိုင်းရင်းသားလူမျိုးများ၏ ပြည်နယ်များ၊ တိုင်းရင်းသားစုံတို့ ယှဉ်တွဲနေထိုင်ကြသည့် တိုင်း(ဒေသကြီး)တို့ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုဖြစ်သည်။ တိုင်းရင်းသား အားလုံး၏ မိသားစုနိုင်ငံ(ဝါ)ပီပြင်သော ပြည်ထောင်စု စစ်စစ်ပင်ဖြစ်သည်။ အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သော အခြေခံမူများတွင် တိုင်းရင်းသားလူမျိုးတိုင်း၏ အချုပ်အခြာအာဏာ ကျင့်သုံးခွင့်၊ အခြေခံရပိုင်ခွင့်များကို အလေးအနက်ထား ဖော်ပြထားပေသည်။ ပြည်ထောင်စုကြီး၏ မည်သည့်အစိတ်အပိုင်းမျှ ခွဲမထွက်ရဟူသော နိုင်ငံတော်အခြေခံမူကြီးဖြင့် တိုင်းရင်းသားစုံ မိသားစုတို့၏ သီရိဂေဟာ(ဝါ) ရွှေရောင်ဝင်းလက်သော ပြည်ထောင်စုကြီး ကမ္ဘာသက်နှင့်အတူ တည်တံ့ခိုင်မြဲရေးကို အာမခံထားလေသည်။ အမျိုးသားညီလာခံကြီးမှ ချမှတ်သည့် ထိုအခြေခံမူကြီးများဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မရှင်က ခိုင်မာကောင်းမြတ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ရေးဆွဲနေကြပြီဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံ(ဝါ)တစ်မြေပေါ် အတူဖွား သွေးချင်းသားချင်း တိုင်းရင်းသားတို့၏ ဇာတိချက်ကြွေမွေးရပ်မြေသည် ဇာတိပုည(ဝါ)ရေးအစဉ်အဆက် သမိုင်းကြောင်းကောင်းမြတ်ခဲ့သော မြန်မာတို့၏ မွေးရပ်မြေဖြစ်ပြီး ပြည်ထောင်စုသားတို့ ဂုဏ်ယူဝင့်ကြွားနိုင်လောက်အောင် သမိုင်းကြောင်း ထွန်းပြောင်ပေသည်။

ဤမြေသည် မနေ့တစ်နေ့ကမှ ပေါ်ထွန်းလာသော မြေသစ်မဟုတ်။ ပုံတောင်ပုံညာသမိုင်း အထောက်အထားအရ ဤမြေ၏ သက်တမ်း၊ ဤမြေပေါ်မှ လူတူပရိုင်းမိတ်များ၏ သက်တမ်းသည် နှစ်သန်းပေါင်းလေးဆယ်ကျော်ခဲ့ပြီ ဖြစ်သည်။ လူ့ယဉ်ကျေးမှု အရုဏ်တက်ချိန်(ကျောက်ခေတ်လူသားများခေတ်)၌ ဤမြေပေါ်တွင် ရှေးမြန်မာကြီးများဟုဆိုရမည့် လူသားတို့ရှိခဲ့ကြောင်း တောင်ကြီးခရိုင် ရှာငံမြို့နယ် ပြဒါးလင်း ဂူစုနှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် ရှာဖွေတွေ့ရှိရသော ကျောက်ခေတ်သုံးပစ္စည်း၊ လက်နက်၊ နံရံဆေးရေး ပန်းချီကားများက သက်သေပြထားပြီးဖြစ်သည်။

မြန်မာတို့က ယဉ်ကျေးမှုဟု သုံးနှုန်းသော လူသားတို့၏ နေထိုင်စားသောက်၊ ဝတ်ဆင်၊ အိုးအိမ်တည်ဆောက်မှုများ အဆင့်ဆင့် တိုးတက်လာမှုဖြစ်စဉ် (Civilization)သည် ဤမြန်မာ့မြေ၌ ကျောက်ခေတ်ကတည်းက သန္ဓေတည်ပေါက်ဖွားခဲ့ပြီဟု ဝင့်ကြွားနိုင်သည်။ မြန်မာတို့က ယဉ်ကျေးမှုဟုပင် သုံးနှုန်းသော လူသားတို့၏ စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပု၊ ဘာသာစကား၊ ကိုးကွယ်မှု စသည့် ဦးနှောက်အသိပိုင်း ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကလည်း တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ စစ်ကိုင်း၊ ပင်းယ၊ တောင်ငူ၊ ကုန်းဘောင်၊

တက္ကသိုလ်မြတ်သူ

ရတနာပုံခေတ်စဉ်မှသည် ယနေ့အထိ ထည်ဝါခံ့ညားစွာ ဖြစ်တည်ရှင်သန်လျက်ရှိပေသည်။

ဤမြန်မာ့မြေတွင် အဓိက ဝမ်းစာဖြစ်သော ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်းစသည့် ကောက်ပဲသီးနှံများ စိုက်ပျိုးနိုင်သည့် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်ခြံမြေများ ကြွယ်ဝသည်။ သဘာဝကပေးသော မုတ်သုံမိုးရေ၊ မြစ်ရေ၊ ချောင်းရေ၊ ကန်ရေ၊ အင်းရေ၊ အိုင်ရေများအပြင် လူတို့၏ဉာဏ်ပြဖြင့် ဖြစ်ပေါ်လာသော ဆည်မြောင်းတာတမံ ရေလှောင်ကန်များ၊ ရေတွင်းရေကန်များကလည်း သောက်သုံးရေချို အပေါကြွယ်ဆုံးနိုင်ငံများစာရင်း၌ ထိပ်မှရှိကြောင်း ပြသနေပေသည်။

မြေပေါ်၊ မြေအောက်၊ ရေပေါ်ရေအောက်မှ မြေသယံဇာတ၊ ရေသယံဇာတများကလည်း ထုနှင့်ထည်နှင့်ရှိနေသည်။ လူတို့ မြတ်နိုးတန်ဖိုးထားကြသော ရွှေ၊ ငွေ၊ ပတ္တမြား ကျောက်သံများလည်း ကြွယ်ဝသည်။ ကမ္ဘာတွင် အကြီးဆုံးဟု စံချိန်တင်နိုင်သည့် ပတ္တမြား၊ နီလာ၊ ပုလဲ၊ ဂေါ်ကြိုး၊ ကျောက်စိမ်းများ ဤနိုင်ငံ၌ရှိသည်။ ကမ္ဘာကြိုက် အကောင်းဆုံးကျွန်း၊ ပျဉ်းကတိုး စသည့် အဖိုးတန် သစ်တောကြီးများကလည်း နိုင်ငံမြေ၏ တစ်ဝက်ခန့်ကို ဖုံးအုပ်ထားလျက်ရှိသည်။ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးစသည့် စွမ်းအင် လောင်စာများလည်း ပေါကြွယ်လှပေသည်။ ထို့ကြောင့်လည်း လွတ်လပ်ရေး ရရှိချိန်မှစပြီး ယနေ့တိုင် (နောင်အနာဂတ်အထိ) မြန်မာတို့ သီဆိုကြွေးကြော်သော နိုင်ငံတော်သီချင်း၌ **"ဒို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ ပြည်ထောင်စုကို အသက်ပေးလို့ ဒို့ကာကွယ်မလေ၊ ဒါဒို့ပြေ(ပြည်) ဒါဒို့မြေ–ဒို့ပိုင်နက်မြေ"** ဟု သရုပ်ဖော် ဥဒါန်းကျူးထားခြင်းဖြစ်သည်။

"မြန်မာ" ဟူသော ဝေါဟာရသည် ဤမြေပေါ်မှ ဇာတိဖွားမိသားစု (Family)များ၊ ဆွေမျိုးစု(Clan)များ၊ လူမျိုးနွယ်စု (Tribe) များ၊ လူမျိုးစု(National Races-Nationalities)များအားလုံး၏ စုပေါင်းနိုင်ငံသားလူမျိုး၏ စုပေါင်းနာမည်ဖြစ်လေသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူ၍ တိုင်းရင်းသား မျိုးနွယ်စုများဖြင့် စုစည်းထားသော ဤပြည်ထောင်စုတွင် သွေးသားရင်းချာ မျိုးနွယ်စုများကလည်း အမျိုးပေါင်း တစ်ရာကျော်လေသည်။

ဤပြည်ထောင်စုသည် မျိုးနွယ်အားဖြင့် တစ်ရာကျော်၊ အရေအတွက်အားဖြင့် ၅၆သန်းကျော်သော ညီအစ်ကိုမောင်နှမတို့၏ မြေ၊ တိုင်းရင်းသားစုံ သွေးချင်းတို့၏ မြေဖြစ်သည်။ ဤမြေ၏ သမိုင်းသည် တိုင်းရင်းသားစုံတို့၏ သမိုင်းပင်ဖြစ်သည်။ မြေပြန့်ဒေသများတွင် ရှမ်း၊ ချင်း၊ ကရင်၊ ကချင်၊ ရခိုင်၊ မွန် စသည့် တိုင်းရင်းသားများ ရောယှက် ယှဉ်တွဲနေထိုင်လျက်ရှိသည်။ ဗမာအပါအဝင် အခြား တိုင်းရင်းသားများစွာသည်လည်း တောင်ပေါ်ဒေသများ၌ ဖြန့်ကြက်နေထိုင်လျက်ရှိသည်။

ဤပြည်ထောင်စုမြေကို တိုင်းရင်းသားစုံ လက်ချင်းယှက်၊ ကျောချင်းကပ်၍ စည်းလုံးညီညွတ်စွာ ကာကွယ်ခဲ့သည်။ ကျူးကျော်သူများကို တွန်းလှန်တိုက်ထုတ်ခဲ့သည်။ ဆုံးရှုံးသွားသောလွတ်လပ်ရေးကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပြန်လည်တိုက်ယူခဲ့သည်။ နယ်ချဲ့များကို သူ့ကျွန်မခံ တွန်းလှန်တိုက်ခိုက်မှုများ (၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ ခုနှစ်)၊ အမျိုးဘာသာသာသနာ လွတ်လပ်ရေးအတွက် ဝိုင်အမ် ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဖတပလ၊ ဖဆပလ၊ ရဲဘော်သုံးကျိပ်၊ ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ မြန်မာ့တပ်မတော် စသည့် လွတ်လပ်ရေးကြိုးပမ်းမှု အဆင့်ဆင့် (၁၈၈၅မှ ၁၉၄၈ခုနှစ်)တွင် တိုင်းရင်းသားစုံ ပါဝင်ခဲ့သည့် သမိုင်းမှာ ခိုင်မာလှပေသည်။

လွတ်လပ်ရေးကို စောင့်ရှောက်ကာကွယ်ရာတွင်လည်းကောင်း၊ လွတ်လပ်ရေးအရသာကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ခံစားစံစားနိုင်စေရန် ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းမှု၊ ပေါကြွယ်ဝလှသော ရေမြေသယံဇာတများဖြင့် ပြည်ထောင်စုကြီး နေ့ချင်းညချင်း (နတ်ရေကန်ထဲချလိုက်သည့်နှယ်) ဖွံ့ဖြိုးတိုးတက်လာစေရန် အားထုတ်ဆောင်ရွက်မှုတို့တွင်လည်းကောင်း တိုင်းရင်းသားစုံ၏ စည်းလုံးညီညွတ်မှုခွန်အား၊ ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားက ပဓာန အခန်းကဏ္ဍမှ ပါဝင်ခဲ့ပေသည်။ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် တိုင်းရင်းသားစုံခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမှုကြောင့် ပင်လုံစာချုပ်(ဝါ)တိုင်းရင်းသားစုံ စည်းလုံးညီညွတ်မှုသန္နိဋ္ဌာန်ကို အောင်မြင်စွာ ချမှတ်နိုင်ခဲ့သည်။ ဤမြေ၌ စုစည်းသော နိုင်ငံတော်အဖြစ် ပုဂံခေတ် အနော်ရထာမင်းစောက ပထမအကြိမ်၊ တောင်ငူခေတ်ဘုရင့်နောင်

ကျော်ထင်နော်ရထာက ဒုတိယအကြိမ် ...
မင်းတရားကြီး (ဦးအောင်ဇေယျ)က တ...
သည်။ ယင်းဘိုးမွေဘွားမွေ နိုင်ငံမြေ...
ညီအစ်ကို မောင်နှမများက အစည်းမ...
စေရန်၊ ပြည်ထောင်စု၏ အချုပ်အခြာ...
သား စည်းလုံးညီညွတ်မှုခွန်အားဖြင့်...
ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုများဖြင့် ပြ...
သွက်လက်ထက်မြက်စွာ ဖော်ဆောင်...

ဤမြန်မာတို့၏ ပြည်ထောင်စုက... ပြည်ထောင်စုဖြစ်လာစေရန် ပြည်တွင်းငြိ... ရယူထားကြပြီး (၂)ခေတ်မီဖွံ့ဖြိုးတိုးတ... စေရန် ဘက်ပေါင်းစုံဖွံ့ဖြိုးရေး တည်ဆေ... ပတ်ဝန်းကျင်ဖြင့် ဒီဋ္ဌမမ္မအားထုတ် အ... (၃)တိုင်းရင်းသားပြည်သူတို့ ပိုင်ဆိုင်အ... (ဝါ)လွတ်လွတ်လပ်လပ် ကိုယ့်နိုင်ငံ... သော နိုင်ငံတော် အာဏာရပ်ကြီးကို ဒီမို... အခြေခံမူများကို တိုင်းရင်းသားစုံ ကို... တက်ရောက်သည့် အမျိုးသားညီလာခံ... နောက် တိုင်းရင်းသားလူမျိုးစုံ ပါ... နိုင်ငံရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးကျွမ်းက... ပညာရှင်များက အခြေခံဥပဒေမူကြမ်း... မည်ဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားစုံ သွေးချ...
စည်းလုံးညီညွတ်မှုဖြင့် အေးချမ်းသာယ...
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်...
တလက်လက် ပြည်ထောင်စုကြီးအဖြစ်...
တော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစ...
ကြိုးပမ်း အကောင်အထည်ဖော်သွားကြ...

တွဲထားလက်...

- ဖေဖော်ဝါရီ၊ ဆယ့်နှစ်... ပြည်ထောင်စုဖွား၊ တိုင်း... တွဲထားလက်တွေ၊ ပင်လ... သက်သေကမ္ပည်းထိုးသ...
- မြို့ပင်လုံဝယ် ပေါင်းဆုံစုဝေး၊ ညီညွတ်... သွေးစည်းညီညာ၊ အော... ခိုင်မာဆုံးဖြတ်၊ ဖွဲ့စိတ်ဓ... လွတ်လပ်ရေးကို၊ တော... မပြိုမကွဲ တစ်စိတ်တည်း...
- ပင်လုံမှစ၊ ညီညွတ်ကြ၍... မြန်မာ့အောင်လံ၊ မိုးထ... ဝံ့ပျံလွတ်လပ်ခဲ့ပါပြီ။
- ဤနေ့ဆိုလျှင်၊ မြန်ပြည်... တူယှဉ်စိတ်ဝမ်း၊ မခွဲခြမ်... တောင်တန်းပြည်မ၊ စည်... တစ်ကန့်မကွဲ၊ တူလက်... ခိုင်မြဲသစ္စာဆိုသည့်နေ့။
- ပြည်ထောင်စုသား၊ စုစည်... မြင့်မားတိုင်းပြည်၊ တည်... စွမ်းရည်အင်အားပြသည့်...
- ဒို့သွေးသားချင်း၊ ညီညွတ်... ရိုင်းပင်းချစ်ကြည်၊ ဖွံ့ဖြိုး... ပြည်ထောင်စုစိတ်၊ ပင်လ... ယိုဖိတ်ရင်မှာ၊ စီးလို့ဖြ...
- ဘယ်သူနှောင့်ယှက်၊ ဘ... မပျက်ဘယ်ခါ၊ ခိုင်မြဲပါ...
- အကြားမထင်၊ ရေသား... အလျှင်မလပ်၊ မနားရပ်... မပြတ်ပေါင်းစည်းနေပါ...
- ဩော်–ပြည်ထောင်စုနေ့၊ ... ပျော်မွေ့ကြည်လျက်၊ ... လက်ဆင့်ဆင့်ကမ်း၊ တ... ငြိမ်းချမ်းလှစွာ၊ ကိုယ့်ပြ... သာမောဝေစည်၊ ဆန္ဒညီ... မြန်ပြည်(ပြေ)သာဖို့၊ ရေ... ဒို့တွေခိုင္ဓာန်ပြုပါစို့။

[(၆၁)နှစ်မြောက်ပြည်ထောင်စု...

တွဲထားလက်တွေ မြဲကြစေ

- ဖေဖော်ဝါရီ၊ ဆယ့်နှစ်သည်ကား
  ပြည်ထောင်စုဖွား၊ တိုင်းရင်းသားတို့
  တွဲထားလက်တွေ၊ ပင်လုံမြေမှာ
  သက်သေကမ္ပည်းထိုးသည့်နေ့။
- မြို့ပင်လုံဝယ်
  ပေါင်းဆုံစုဝေး၊ ညီညွတ်ရေးဖြင့်
  သွေးစည်းညီညာ၊ အောင်ကြောင်းဖြာဟု
  ခိုင်မာဆုံးဖြတ်၊ ဖွဲ့စိတ်ဓာတ်နှင့်
  လွတ်လပ်ရေးကို၊ တောင်းလို့ဆိုသည်
  မပြိုမကွဲ တစ်စိတ်တည်း။
- ပင်လုံမှစ၊ ညီညွတ်ကြ၍
  မြန်မာ့အောင်လံ၊ မိုးထက်ယံ၌
  ဝံ့ပျံလွတ်လပ်ခဲ့ပါပြီ။
- ဤနေ့ဆိုလျှင်၊ မြန်ပြည်ခွင်၌
  တူယှဉ်စိတ်ဝမ်း၊ မခွဲခြမ်းဘဲ
  တောင်တန်းပြည်မ၊ စည်းလုံးကြလျက်
  တစ်ကန့်မကွဲ၊ တူလက်တွဲမည်
  ခိုင်မြဲသစ္စာဆိုသည့်နေ့။
- ပြည်ထောင်စုသား၊ စုစည်းအားဖြင့်
  မြင့်မားတိုင်းပြည်၊ တည်ဆောက်မည်ဟု
  စွမ်းရည်အင်အားပြသည့်နေ့။
- ဒို့သွေးသားချင်း၊ ညီညွတ်ခြင်းဖြင့်
  ရိုင်းပင်းချစ်ကြည်၊ ဖွံ့ဖြိုးစည်ဖို့
  ပြည်ထောင်စုစိတ်၊ ပင်လုံစိတ်သည်
  ယိုဖိတ်ရင်မှာ၊ စီးလို့ဖြာ၏။
- ဘယ်သူနှောင့်ယှက်၊ ဘယ်သို့ဖျက်လည်း
  မပျက်ဘယ်ခါ၊ ခိုင်မြဲပါ၏။
- အကြားမထင်၊ ရေသားပြင်သို့
  အလျှင်မလပ်၊ မနားရပ်ဘဲ
  မပြတ်ပေါင်းစည်းနေပါ၏။
- သြော်–ပြည်ထောင်စုနေ့၊ ထူးမြတ်နေ့တွင်
  ပျော်မွေ့ကြည်လျက်၊ ရှေ့သို့ဆက်ပြီး
  လက်ဆင့်ဆင့်ကမ်း၊ တစ်စိတ်ဝမ်းနှင့်
  ငြိမ်းချမ်းလှစွာ၊ ကိုယ့်ပြည်ရွာကို
  သာမောဝေစည်၊ ဆန္ဒညီဖြင့်
  မြန်ပြည်(ပြေ)သာဖို့၊ ရှေးရှုလို့လေ
  ဒို့တွေခိုင်မာန်ပြုပါစို့။

[(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်–)]

ထီယု

ကျော်ထင်နော်ရထာက ဒုတိယအကြိမ်၊ ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီး (ဦးအောင်ဇေယျ)က တတိယအကြိမ် တည်ထောင်ခဲ့ကြသည်။ ယင်းဘိုးမွေဘွားမွေ နိုင်ငံမြေကို ယနေ့ခေတ် တိုင်းရင်းသားညီအစ်ကို မောင်နှမများက အစည်းမပြေ ပြည်ထောင်စုမြေ တည်တံ့စေရန်၊ ပြည်ထောင်စု၏ အချုပ်အခြာ တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသား စည်းလုံးညီညွတ်မှုခွန်အားဖြင့် ကာကွယ်စောင့်ရှောက်ရင်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုများဖြင့် ပြည်ထောင်စုကြီးကို တက်ကြွသွက်လက်ထက်မြက်စွာ ဖော်ဆောင်လျက်ရှိနေကြသည်။

ဤမြန်မာတို့၏ ပြည်ထောင်စုကို (၁) ငြိမ်းချမ်းသာယာသော ပြည်ထောင်စုဖြစ်လာစေရန် ပြည်တွင်းငြိမ်းချမ်းရေးကို လက်တွေ့ကျကျ ရယူထားကြပြီး (၂)ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်လာစေရန် ဘက်ပေါင်းစုံဖွံ့ဖြိုးရေး တည်ဆောက်မှုများကို ငြိမ်းချမ်းသော ပတ်ဝန်းကျင်ဖြင့် ဒိဋ္ဌမမွအားထုတ် အကောင်အထည်ဖော်နေကြပြီး (၃)တိုင်းရင်းသားပြည်သူတို့ ပိုင်ဆိုင်အပ်သော အချုပ်အခြာ အာဏာ (ဝါ)လွတ်လွတ်လပ်လပ် ကိုယ့်နိုင်ငံကောင်းကျိုး ကိုယ်ဖန်တီးနိုင်သော နိုင်ငံတော် အာဏာရပ်ကြီးကို ဒီမိုကရေစီနည်းကျ ကျင့်သုံးစေမည့် အခြေခံမူများကို တိုင်းရင်းသားစုံ ကိုယ်စားလှယ် တစ်ထောင်ကျော် တက်ရောက်သည့် အမျိုးသားညီလာခံက တညီတညွတ် ချမှတ်ပေးခဲ့ပြီးနောက် တိုင်းရင်းသားလူမျိုးစုံ ပါဝင်သော ဥပဒေပညာရှင်များ၊ နိုင်ငံရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးကျွမ်းကျင်ပြီး အတွေ့အကြုံကြွယ်ဝသူ ပညာရှင်များက အခြေခံဥပဒေမူကြမ်းကို ရေးဆွဲနေကြရာ ပြီးစီးတော့မည်ဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားစုံ သွေးချင်းတို့၏ သမိုင်းပြောင်လှသော စည်းလုံးညီညွတ်မှုဖြင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးကာ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် (ဝါ) ရွှေရောင်တလက်လက် ပြည်ထောင်စုကြီးအဖြစ် မရောက်ရောက်အောင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်သွားကြရမည်သာ ဖြစ်ပါသည်။ ။

ကုန်းလမ်းပို့ဆောင်ရေး၏ ရန်ကုန်–ညောင်ဦး ခရီးစဉ် ရွှေညာမြေ အမြန်ယာဉ်လိုင်းသစ် ဖွင့်လှစ်ပြေးဆွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး၊ ခရီးသည်ပို့ဆောင်ရေးဌာန၊ အဝေးပြေးဌာနခွဲ၏ ရန်ကုန်–ညောင်ဦး ခရီးစဉ် ရွှေညာမြေ အမြန်ယာဉ်လိုင်းသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း အခန်း(၅) အဆောင်(က) ကုန်းလမ်းပို့ဆောင်ရေးကားဂိတ်၌ ကျင်းပရာ အစီအစဉ်အရ ကုန်းလမ်းပို့ဆောင်ရေးမှ ဒုတိယအထွေထွေမန်နေဂျာ ဦးလှဝင်းက ရွှေညာမြေ အမြန်ယာဉ်လိုင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ညောင်ဦးမြို့သို့ စတင်ထွက်ခွာမည့် အမြန်ယာဉ်ပေါ်မှ ခရီးသည်များအား အမှတ်တရ လက်ဆောင်များကို ပေးအပ်သည်။

တစ်ရက်ခြားပြေးဆွဲပေးမည်

ရွှေညာမြေခရီးစဉ်တွင် ခရီးသည် ၄၀ လိုက်ပါနိုင်သော Air Con City Busများဖြင့် တစ်ရက်ခြား ပြေးဆွဲပေးမည်ဖြစ်ပြီး ယာဉ်စီးခငွေကျပ် ၆၂၀၀ နှင့် ယာဉ်ထွက်ခွာချိန်မှာ ရန်ကုန်နှင့် ညောင်ဦးတို့မှ မွန်းတည့် ၁၂ နာရီဖြစ်ကာ ခရီးသည်များ စိတ်ချမ်းမြေ့စွာဖြင့် သက်သောင့်သက်သာရှိစေမည့် ဝန်ဆောင်မှုများကို စီစဉ်ထားရှိသည်။

လက်မှတ်များကို ရန်ကုန်မြို့ အောင်မင်္ဂလာ ယာဉ်ရပ်နားစခန်း ဖုန်း–၆၃၉၄၅၃၊ ၆၃၉၄၅၄၊ ၆၃၉၄၅၅ လိုင်းခွဲ–၂၆၆၊ အခန်း(၅)၊ အဆောင်(က) ကုန်းလမ်းပို့ဆောင်ရေး လက်မှတ်အရောင်းဌာနနှင့် ညောင်ဦးမြို့ ရွှေစည်းခုံဘုရားအနီး စုပေါင်းဂိတ် ကုန်းလမ်းပို့ဆောင်ရေး လက်မှတ်အရောင်းဌာနနှင့် ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အရောင်းကိုယ်စားလှယ်တို့ထံတွင် ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ဂုဏ်ပြု ယာဉ်လိုင်းသစ်ဖွင့်

၂၀၀၈ခုနှစ်(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ခရီးသည်ပို့ဆောင်ရေးဌာန အဝေးပြေးဌာနခွဲ၏ ရန်ကုန်–ညောင်ဦးခရီးစဉ် ရွှေညာမြေအမြန်ယာဉ်လိုင်းသစ်ဖွင့်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၂ ရက်က ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင် ဖတ်ကြားစဉ်။

(မြို့နယ်ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၂ရက်က ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင် ဖတ်ကြားစဉ်။

(၅၀၆)

ဖေဖော်ဝါရီ ၁၂ ရက်က ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို ဖတ်ကြားစဉ်။

(၃၂)

ဖေဖော်ဝါရီ ၁၂ရက်က ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို ဒေါပုံမြို့နယ် အထက(၁) မေတ္တာဆောင်ခန်းမတွင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံမှပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင် ဖတ်ကြားစဉ်။

(မြို့နယ်ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃–၂–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	အဆိုပြိုင်ပွဲ
၈:၀၀	၆။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၀	၇။	အတီးပြိုင်ပွဲ
၈:၂၀	၈။	ရေလှောင်တမံရဲနွယ်
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Let's Go.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၀၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သမိုင်းအထူးပြု)(သမိုင်း)
၄:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၀၀	၅။	မြန်မာစာ၊မြန်မာစကား
၅:၁၅	၆။	တေးသရုပ်ဖော်အစီအစဉ်
၅:၂၀	၇။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၃၀	၈။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀	၉။	ညနေခင်းသတင်း
၆:၃၀	၁၀။	မိုးလေဝသအခြေအနေ
၆:၃၅	၁၁။	မြန်မာ့ခလေ့ရိုးရာလက်ဖွဲ့
၆:၅၀	၁၂။	**"နတ်လူသာဓုခေါ်စေသော်" (ခေတ်သစ်၊ ပိုင်းစုခိုင်သိန်း၊ သတိုးစော) (ဒါရိုက်တာ–သော်ကိုကိုကျော်)**
၇:၁၀	၁၃။	ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇:၃၀	၁၄။	ကြေးမုံရိပ်သွင်တေးနှယဉ်
၇:၄၅	၁၅။	ပြည်ထောင်စုစိတ်ဓာတ်မပြတ်ရင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ (အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု)
၈:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	Franz Hararay's Magic Planet
	၂၀။	**"ရသစုံလင်ပြုံးပျော်ရွှင် မြန်မာ့ရုပ်မြင်အစီအစဉ်" (ခန့်စည်သူ၊ထူးသာ၊ပုလဲဝင်း၊ နန်းဆုရတီစိုး၊ရတနာ၊ဖြိုးဖြိုး၊ လုလု၊ဆင်မ၊ပွင့်ကောင်းစံ၊ ရှက်တယ်၊နေဦးလွင်၊ရိုတ)**
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

ဧရာဝတီတိုင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ဧရာဝတီတိုင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၈နာရီခွဲတွင် ဧရာဝတီတိုင်း ပုသိမ်မြို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ဧရာဝတီတိုင်း၏ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေနှင့် ဆီထွက်သီးနှံ ဖူလုံရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက အမှာစကားပြောကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဧရာဝတီတိုင်းသည် ယခုနှစ်တွင် မိုးစပါးဧက ၃၇သိန်းကျော် စိုက်ပျိုးပြီး နွေစပါးဧက ၁၂ သိန်းကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ယခုအခါ နွေစပါးဧက ၁၁သိန်းကျော် စိုက်ပျိုးပြီး ဖြစ်သည်။ ပဲမျိုးစုံကို ဧက ၁၉သိန်းကျော် စိုက်ပျိုးရန် လျာထားရာ ဧက ၁၈ သိန်းကျော် စိုက်ပျိုးပြီး ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ဧရာဝတီတိုင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(လယ်/ဆည်)

ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက် အသောကမဓမ္မရိပ်သာ ကျောင်းဝင်း၌ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ဗိုလ်တထောင်မြို့နယ်နေ(ဖခင်ကြီး ဦးမောင်မောင်လေးအားရည်စူး၍)ဦးဇော်မင်းချို-ဒေါ်မြရင်၊ သမီး မစိုးယုနွယ်၊ မနှင်းဝတ်ရည်၊ သား မောင်ရဲလင်းထိုက် မိသားစုတို့ကအလှူငွေကျပ်နှစ်သိန်းကို ကျောင်းတိုက်ပဓာန နာယကဆရာတော်ဘဒ္ဒန္တ ဝေပုလ္လထံဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်ပညာရေးတက္ကသိုလ်မြတ်ဆရာပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန် ပညာရေးတက္ကသိုလ်၏ (၁၃) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၂ရက် နံနက် ၉နာရီက တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်ခမ္မာရုံ၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်ပညာရေး တက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါက်တာ လွင်လွင်စိုးက ဂုဏ်ပြုအဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသန်းထွေးတို့က (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအတွက် ငွေကျပ် ၁၂၃၅၀၀၀၀ ကို အလှူရှင်များကိုယ်စား ကမ္ဘောဇဘဏ်မှ ဦးစိုင်းလုံကျောက်က လှူဒါန်းရာ ဥက္ကဋ္ဌဦးအုံးမြင့်က လက်ခံရယူသည်။

ယင်းနောက်ကမ္ဘောဇဘဏ်မှ လှူဒါန်းသည့် ၂၀၀၆-၂၀၀၇ မြတ်ဆရာ လစဉ်ကျန်းမာရေးစောင့်ရှောက်မှု ရန်ပုံငွေကျပ်သိန်း ၆၀ ကို ဦးစိုင်းလုံကျောက်က လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းထွေးက လက်ခံရယူသည်။

အစီအစဉ်အရ ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့လက်ဆောင် ပေးအပ်ပြီးကန်တော့ကြသည်။ ယင်းနောက် ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(ငြိမ်း) ဒေါ်ထူးထူးအောင်က ဝမ်းမြောက်စကား ပြောကြားသည်။ ဆရာကြီး ဦးထွန်းကြွယ်နှင့် ဆရာကြီး ဒေါက်တာ ဦးမြင့်တို့က သြဝါဒစကားပြောကြားပြီးနောက်ဆရာကြီး၊ ဆရာမကြီးများကျန်းမာရေးနှင့် အထွေထွေကူညီစောင့်ရှောက်ရန် အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀၀ လှူဒါန်းရာအတွင်းရေးမှူး ဒေါ်ခင်သန်းထွေးက လက်ခံရယူသည်။ (က-ပ)

ဝန်ကြီး ဒေါက်တာကျော်မြင့် ဆေးရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဖေဖော်ဝါရီ ၈ ရက် နံနက် ၇ နာရီခွဲတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် တောင်ညိုတိုက်နယ်ဆေးရုံ အမျိုးသမီးလူနာဆောင်၊ သားဖွားခန်း၊ သန့်စင်ခန်း အသစ်ဆောက်လုပ်နေမှု၊ ခွဲစိတ်ခန်း ပြုပြင်တည်ဆောက်မှုအခြေအနေ၊ အမျိုးသားလူနာဆောင်၊ ဆေးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ဆေးရုံသို့ သွားရောက်ကာ တီဘီရောဂါကုဌာန၊ ဆေးရုံရေပေးဝေရေးအတွက် တည်ဆောက်ထားမှု၊ ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းရေးစီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် မကွေးပြည်သူ့ဆေးရုံကြီး အတွင်းဌာနများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံ၍ သင်ကြားရေးဆေးရုံကြီးအတွက် စက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းဆောင်ရွက်ရန် လျာထားမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားရေးဆိုင်ရာ စီစဉ်ထားရှိမှု အခြေအနေများ၊ ဌာနမှူးများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၉ ရက်တွင် မကွေးတိုင်း တိုင်းရင်းဆေးရုံ **(အပေါ်ပုံ)**သို့ သွားရောက်၍ လူနာကုသဆောင်များ၊ တိုင်းရင်း ပရဆေးဥယျာဉ်၊ ဆေးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Dealer Sales Promotion 2007-2008 ဆုပေးပွဲနှင့် မိတ်ဆုံစားပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဟန်မြန်မာ ကုမ္ပဏီလီမိတက်နှင့် Falcon Super Lubricants တို့ ပူးပေါင်းကျင်းပသော Dealer Sales Promotion-2007-2008 ဆုပေးပွဲနှင့် Chinese New Year မိတ်ဆုံစားပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံဒေသအသီးသီးမှ အရောင်းကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ဟန်မြန်မာကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းနိုင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ကံစမ်းမဲ

ထို့နောက် ရောင်းအားအကောင်းဆုံးကိုယ်စားလှယ်များအား ငွေသားဆုများ ချီးမြှင့်ပြီး အခမ်းအနားသို့ တက်ရောက်လာသောဧည့်သည်တော်များအား ဗလာမပါကံစမ်းမဲများ ဖွင့်ဖောက်ပေး၍ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ယူအေအီးနိုင်ငံမှ ထုတ်လုပ်သော အရည်အသွေးဖြင့် Falcon အမှတ်တံဆိပ်အင်ဂျင်ဝိုင်များကို ဟန်မြန်မာကုမ္ပဏီလီမိတက်က မြန်မာနိုင်ငံ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ဝယ်ယူသုံးစွဲလိုသူများ အမှတ် (၁၃) ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၆၂၅၈ သို့ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Dealer Sales Promotion-2007-2008 ဆုပေးပွဲနှင့် Chinese New Year မိတ်ဆုံစားပွဲ အခမ်းအနားတွင် ဟန်မြန်မာ ကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးသိန်းနိုင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

(သတင်းစဉ်)

၂၅ခုတင်ဆံ့ဆေးရုံဖြစ်မြောက်ရေး အလှူငွေပေးအပ်

ခနုဖြူ ဖေဖော်ဝါရီ ၁၂

ခနုဖြူမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ၂၅ ခုတင်ဆံ့ဆေးရုံဖြစ်မြောက်ရေးအလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ၃၀ရက်ကကျင်းပရာ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းက အမှာစကားပြောကြားကာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်ကာ၁၆ခုတင်ဆံ့ဆေးရုံမှ ၂၅ ခုတင်ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ရရှိရေးအတွက် ရည်မှန်းဆောင်ရွက်ခဲ့မှုများ ဖြစ်သောဆေးပဒေသာပင် ကျပ်သိန်း ၁၁၀ကျော်ရရှိအောင် စည်းရုံးဆောင်ရွက်ထားရှိမှု၊ (ECG) စက်အပါအဝင် ဆေးရုံသုံးအကူကိရိယာပစ္စည်းများ ရရှိအောင် ဆောင်ရွက်ထားရှိမှု၊ အဆောက်အအုံပြင်ဆင်ထားရှိမှုများနှင့် အလှူငွေ ကောက်ခံရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းဆွေးနွေးပြီးနောက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ စိန်မြင်းပျံပွဲရုံလုပ်ငန်းပိုင်ရှင် ဦးကွနာနှင့် မိသားစုဝင်များက ကျပ်သိန်း၃၀၊ အင်အားမီဒီယာဂရု(ပ်)မှ ကျပ်တစ်သိန်းအပါအဝင် စေတနာရှင်လုပ်ငန်းရှင်များက စုစုပေါင်းငွေကျပ် ၈၁သိန်းကျော်အား ပေးအပ်လှူဒါန်းခဲ့ကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (က-ပ)

၂၀၀၈ ခုနှစ် (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဖတ်ကြား

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ် ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊ အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး ဟူသော အမျိုးသားရေးဦးတည်ချက်များနှင့် အညီ နိုင်ငံရေး အနှစ်သာရ ပြည့်ဝစွာဖြင့် ၂၀၀၈ခုနှစ် (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပရာ ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)

စာမျက်နှာ ၆ ကော်လံ ၁သို့ ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဖတ်ကြားစဉ်။ (အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကြေးမုံ The Mirror

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု

"ပြည်ထောင်စု မြန်မာနိုင်ငံဟူသည်မြန်မာတို့ စုစည်းနေထိုင်ကာ မရှိအတူ၊ ရှိအတူ၊ အေးအတူ ပူအမျှ အတူတကွ ဥမကွဲသိုက်မပျက် ဝံသာနုရက္ခိတတရား(ပြည်ထောင်စုစိတ်ဓာတ်) ကိုယ်စီဖြင့် သမိုင်းတစ်လျှောက် လျှောက်လှမ်းခဲ့ကြသော ဆွေမျိုးမိသားစုများ၏ နိုင်ငံဖြစ်သည်"

တက္ကသိုလ်မြတ်သူ၏ **"မြန်မာပြည်ထောင်စုကြီး၏သမိုင်းကို ပြည်ထောင်စုသား မြန်မာများ ရေးသားကြမည်"** (ဆောင်းပါး)

စာမျက်နှာ–၈၉

ထီယု၏ **"တွဲထားလက်တွေ မြဲကြစေ"** (ကဗျာ)

စာမျက်နှာ–၉